# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 February 2026 ၁၂၀၉၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

## ယနေ့ ဖတ်စရာ

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း**

စာမျက်နှာ » ၃

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးပါသော မြန်မာ့ဝါးသစ်တော**

ဆောင်းပါး စာမျက်နှာ » ၆



**ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် (Sightseeing) ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား**

စာမျက်နှာ » ၈

ကြေးမုံ

# နိုင်ငံတော်နှင့်ဒေသအကျိုးအတွက် အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအနွယ်ဖွား တိုင်းရင်းသားလူမျိုးများသည် ပထဝီအနေအထားအရ မတူကွဲပြား နေထိုင်ကြသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူကြီးပြင်း လာခဲ့ကြသည့် မိသားစုဝင်များဖြစ်သည်။ အနေဝေးသော်လည်း သွေးမဝေးစေဘဲ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး အတူရှင်သန်ဖွံ့ဖြိုးစေနိုင်ရန်အတွက်လည်း နိုင်ငံတော်က ပေါင်းစည်းဆက်နွှယ်ပေးလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးဆက်ဆံ အတူရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးအကြီးဆုံး အခြေခံအကျဆုံး အချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားရေးကဏ္ဍအားလုံး နောက်ကျမကျန်ရစ်ဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက် နိုင်ငံတော်ကို တာဝန်ယူခဲ့ကြသည့် အစိုးရများက မြို့ပြ၊ ကျေးလက်၊ တောင်တန်း၊ မြေပြန့်မကျန်အောင် လမ်း၊ တံတားများကို တစ်နိုင်ငံလုံးဖြန့်ကြက်၍ ကွန်ရက်သဖွယ် တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာအနီးတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ချင်းတွင်းမြစ်ကူး တံတား(ထမံသီ) တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည်ကို တွေ့ရသည်။ အဆိုပါ တံတားကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ တံတားကြီးသည် အရှည် ၂၆၂၈ ပေရှိပြီး ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ပေးနိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးရေးကို များစွာ အထောက်အကူဖြစ်လာမည်ဖြစ်သည်။

ပြည်ထောင်စုသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် တပ်မတော်အနေဖြင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင် နာဂဒေသသည် သွားလာရန် ခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်မနှင့် ဆက်သွယ်နိုင်သည့် လမ်းများ၊ တံတားများကောင်းမွန်မှသာ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတ လေရှီးမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံစဉ် "မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်သူများက အမှန်တကယ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်နှင့် ဒီမြေမှာမွေး၊ ဒီရေကို သောက်ကြသူများဖြစ်သဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးက တစုတစည်းတည်း လျှောက်လှမ်းရန်လိုအပ်သဖြင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ် အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံအနောက်မြောက်ပိုင်း အစွန်အဖျားဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသဖြစ်သည်။ ဝေးလံခေါင်ဖျားသည့် ဒေသဖြစ်သော်လည်း ဒေသတည်ငြိမ်အေးချမ်းပြီး မိမိတို့ဒေသကို မိမိတို့ ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ချင်းတွင်းမြစ်ကူး တံတား(ထမံသီ)ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီဖြစ်သောကြောင့် ဒေသအတွင်း၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပြီး အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိဒေသကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် အရေးပါသောအချက်ဖြစ်သလို နိုင်ငံတော်ကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ဒေသအေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစုတစည်းတည်း ဝိုင်းဝန်းလက်တွဲ၍ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာထွန်းမင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာသဲနုထွေး<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "**ပြည်သူ့ကြားကပြည်သူ့စကား**" အစီအစဉ်မှ "**တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ**" ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် "**ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး**" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ယနေ့နံနက် ၅ နာရီ ၂၀ မိနစ် ၄၆ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏ အနောက်ဘက် မိုင် ၂၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၃ ဒီဂရီ၊ အနက် ၁၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၁၇ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ(ထ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း** ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာဘာသာရပ်အလိုက် စနစ်တကျ လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သောလုပ်ငန်းကို ဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာန တည်ထောင်ဖွင့်လှစ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီစောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့်လုပ်ငန်းကို ဆိုသည်။

ရှင်းလင်းချက်။ **အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀-ခ ပါ အင်္ဂါရပ်များနှင့် ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်းအသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန် လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက် ကျော်လွန်၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်းမရှိသည့် ခွဲစိတ်ကုသမှုကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ) နှင့် (န) တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင် ပါရှိသော "အစိုးရအဖွဲ့"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ကုသရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ကြိုတင်ခွင့်ပြုချက်" ဆိုသည့်စကားရပ်ကို "ကြိုတင်ထောက်ခံချက်"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်း"ဆိုသည့် စကားရပ်ကို "နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ဈ)၏နောက်တွင် ပုဒ်မခွဲ(ဉ) နှင့် (ည) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဉ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ အခန်း(၈)၏ နောက်တွင် အခန်း (၈-က)နှင့် အခန်း (၈-ခ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၈-က)**

**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ခ) ဆေးလက်တွေ့ သင်ကြားမည့်သင်တန်းများအတွက် သက်ဆိုင်သော ဌာနများပါရှိသည့်ဆေးရုံများနှင့် တွဲဖက်ဖွင့်လှစ်ခြင်း၊

(ဂ) ဆေးလက်တွေ့ မဟုတ်သည့် သင်တန်းများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့်ညီညွတ်ခြင်း၊

(င) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်လေထွက် ကောင်းမွန်ရေးနှင့် လုံလောက်သော အလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

(စ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

(ဇ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

(ဈ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း၊

**အခန်း (၈-ခ)**

**ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-ခ။ ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) လုံလောက်သော အကျယ်အဝန်းရှိသည့် သီးခြားအဆောက်အဦရှိခြင်းနှင့် သတ်မှတ်ချက်များနှင့် ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးကုသဌာန အတွင်း၊ အပြင်နှင့် ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့်လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်း၊

(င) လူနာများကို အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့် ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဋ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျ တည်ဆောက်ထားခြင်း၊

(ဌ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဍ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဎ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန်ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ်ကြိုတင်ထောက်ခံချက်ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့် (ဖ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာ လိုင်စင်အရခွင့်ပြုထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဒ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

(ဓ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ခြင်း၊

စာမျက်နှာ ၄ သို့ *

**✳ စာမျက်နှာ ၃ မှ**

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်း လုပ်ငန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်တန်းသားများ၏ အခွင့်အရေး မဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။”

၉။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။”

၁၀။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် ၃ လမှ အများဆုံး ထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

**☆ ရှေ့ဖုံးမှ**

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး၊ ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကလည်းကောင်း၊ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များအားလုံးက “ဇယန္တော ဗောဓိယာမူလေ” အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတုစတ္တာလီသတိမ(၄၄) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

## ဓမ္မယုတ္တိက နိကာယ(မဟာရင်ဂိုဏ်း) နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်နှင့် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ (၁၂၇)ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲတော်ကြီး အခမ်းအနားကျင်းပ



**မော်လမြိုင် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်၊ တော်ကနာကျေးရွာ ပဗ္ဗတမင်္ဂလာရုံ ကျောင်းတွင် ဆင်ယင်ကျင်းပသည့် ဓမ္မယုတ္တိက နိကာယ (မဟာရင်ဂိုဏ်း) နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်နှင့် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ(၁၂၇)ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲတော်ကြီးကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် ကွမ်ရိုက်၊ တော်ကနာကျေးရွာ ပဗ္ဗတမင်္ဂလာရုံကျောင်း၌ ကျင်းပသည်။

ဦးစွာ ဓမ္မယုတ္တိကနိကာယ (မဟာရင်ဂိုဏ်း) နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်နှင့် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ(၁၂၇)ကြိမ်မြောက် ဓမ္မဝိနယ စာပြန်ပွဲတော်ကြီးကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဆရာတော်အရှင်သူမြတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယပိုင်း အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဒရယ်ရွာ မင်္ဂလာသုခဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော် အရှင်သူမြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ မဟာရင်ကျောင်းဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညိုပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## ရေကြည်မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကာကွယ်ရေး စစ်ဆေး

**ရေကြည် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များ၊ ကျောင်းများ၊ စက်ရုံအလုပ်ရုံနှင့် လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် ပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူးနှင့် ရေသိုလှောင်ထားမှု၊ ဂိုဒေါင်များတွင် ပစ္စည်းသိုလှောင်ထားမှု၊ လောင်စာဆီသိုလှောင်မှု၊ လျှပ်စစ်သွယ်တန်းမှုနှင့် လူနေအိမ်များတွင် ချက်ပြုတ်သည့်နေရာများအား စစ်ဆေးခဲ့ပြီး မီးသတ်ဆေးဘူး အသုံးပြုနည်းကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်ကျေးရွာတွင် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ခမောက်မော်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကွန်ကရစ်လမ်းသစ်အား တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၃၂၀၊ အကျယ် ၁၀ ပေနှင့် ၃ ခြောက်လက်မရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်သော ညောင်တုန်းမြို့နယ် ကုက္ကိုဝကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း Bored Pile အခြေပြု ကျောက်စီတမံအလျား ပေ ၈၅၀ ဆောင်ရွက်နေမှုအခြေအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော Bored Pile အခြေပြု ကျောက်စီတမံအလျား ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်တုန်းမြို့နယ် ကုက္ကိုဝကျေးရွာ ရတနာသိပ္ပံကျောင်းတိုက်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့်စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် ရတနာသိပ္ပံကျောင်း ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြလျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်-ပုသိမ်လမ်း မိုင် ၅၉/၄- ၅၉/၅ ကြားတွင် ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် မျက်နှာပြင်လွှာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကော့မှူး ဖေဖော်ဝါရီ ၁၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အတွင်း ကော့မှူးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပျဉ်းကတိုး-ချောင်းဝလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလတွင် ပြီးစီးနိုင်ရေး မှာကြားသည်။



**ပိုမိုမြင့်မားလာမည်**

အဆိုပါ ပျဉ်းကတိုး - ချောင်းဝလမ်း အရှည် ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ ၃ ခုနစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာသူ ကျေးရွာသားများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအစရှိသည့် လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ကျောက်မဲမြို့နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်က ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်း၍ မြို့နယ်သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး ကျောက်မဲမြို့နယ်ရှိ သမဝါယမဦးစီးဌာန စီမံခန့်ခွဲမှုရ ပြည်သူပိုင်သိမ်း အဆောက်အအုံ အခြေအနေနှင့် ရွက်နုကုန်ထုတ်လုပ်ငန်း သမဝါယမအသင်း လီမိတက်မှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး အသင်းမှလိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရေးနှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ သမဝါယမအသင်းအဆင့်ဆင့်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးပါသော မြန်မာ့ဝါးသစ်တော

**တင်ထက်ထက်ဇော်**

မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်သည်။ သစ်တောဦးစီးဌာန၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၇၅ မျိုး၊ ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိသည့်အနက် မြန်မာနိုင်ငံတွင် ဝါးမျိုးစုနှစ်မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် အလေ့ကျပေါက်ရောက် ရှင်သန်လျက်ရှိကြောင်း သိရသည်။ ယင်းတို့အနက် ဝါးပိုးဝါး၊ ဝါးနက်၊ ဝါးဖြူ၊ ဝါးယား၊ သိုက်ဝါး၊ မျက်ဆန်ကျယ်၊ တင်းလယ်မဲ၊ တင်းဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ဝါးဖယောင်း၊ ကြသောင်းဝါး၊ မြင်ဝါး၊ ထီးရိုးဝါး၊ ကြခတ်ဖို၊ ကြခတ်မ၊ ဝါးမင်းနှင့် ခဲလံဝါးတို့မှာ စီးပွားရေးအရ ဈေးကွက်ဝင်သည့် ဝါးအမျိုးအစားများဖြစ်ကြသည်။

ဝါးကို အဓိကစိုက်ပျိုးသောဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြံခင်း၊ မြန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်ရှိ ကျေးရွာများ စသည်တို့ဖြစ်သည်။ ယင်းတို့အနက် ကော့မှူးမြို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တို့သို့ ဝါးယားနှင့် ထီးရိုးဝါး ပံ့ပိုးပေးနေသည့်မြို့ဖြစ်သည်။ ငြမ်းဆင်သည့်ဝါးများသည် အများအားဖြင့် ဝါးယားများဖြစ်ပြီး ထိုဝါးမျိုးသည် ကွေးညွတ်ခြင်းကို ခံနိုင်ရည်ရှိကြသည်။



> ❛ဝါးပင်၏ လေထုထဲမှ ကာဗွန်ကိုစုပ်ယူနိုင်မှုစွမ်းအားသည် အခြားအပင်များထက် လေးဆကျော် ပိုမိုထိရောက်မှုရှိသည်။ အထူးသဖြင့် ဝါးပင်၏ အမြစ်ဖွဲ့စည်းမှုသည် ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်ပေးသည်။ စနစ်တကျခုတ်ယူပါက အခြားသစ်ပင်များကဲ့သို့ အသစ်ပြန်စိုက်ရန်မလိုဘဲ ပြန်ပေါက်သည့်အတွက် ပြုန်းတီးရန်ခက်ခဲသည့် အပင်မျိုးဖြစ်သည်။ ထိုမှုမက ဝါးပင်သည် ရာသီဥတုပူနွေးမှုကို လျှော့ချသည့်နေရာတွင် ကူညီနိုင်စွမ်းရှိ❜

### သဘာဝပတ်ဝန်းကျင်အကျိုးပြု ဝါးပင်များ

ဝါးပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူခြင်း၊ အောက်ဆီဂျင်ဓာတ်ကို ပြန်လည်ထုတ်ပေးခြင်း၊ အစိုဓာတ်ရှိနေချိန်တွင် စုပ်ယူထားရှိပြီး လုံးဝခြောက်သွေ့ချိန်တွင် အစိုဓာတ်များ ပြန်လည်ထုတ်ပေးခြင်း စသည်ဖြင့် ပတ်ဝန်းကျင်ကိုအကျိုးပြုသည်။ ထို့ကြောင့် ဝါးပင်သည် လူ၊ တိရစ္ဆာန်၊ သစ်ပင်များနှင့် သဘာဝတောတောင်များအတွက် အလွန်အရေးပါသော အပင်ဖြစ်သည်။ ဝါးပင်သည် မြက်ပင်မျိုးရင်းဝင်ဖြစ်သော်လည်း ထူးခြားဆန်းပြားသော အချက်အလက်များရှိနေသည်။ ယင်းတို့မှာ ကမ္ဘာ့ကြီးထွားမှု အမြန်ဆုံးအပင်အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် တစ်မီတာအထိ မြင့်မားနိုင်သည်။ တစ်ရာသီအတွင်းမှာပင် လိုအပ်သည့်အမြင့်ပမာဏကို ရောက်ရှိနိုင်သည်။ လေးနှစ် သို့မဟုတ် ငါးနှစ်ကြာပြီးနောက် တစ်နှစ်တစ်ကြိမ် ပုံမှန်ခုတ်ထွင်နိုင်ပြီး နှစ်ရှည်ခံသည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။

ဝါးပင်သည် လေထုထဲရှိ မြောက်မြားလှစွာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူနိုင်စွမ်းရှိသည်။ ၂ ဒသမ ၄၇၁ ဧက သို့မဟုတ် တစ်ဟက်တာကျယ်ပြန့်သည့် ဝါးပင်စိုက်ခင်းတစ်ခုသည် လေထုထဲတွင် ပျံ့နှံ့နေသည့် ကာဗွန် ၆၂ တန်အထိ နှစ်စဉ် စုပ်ယူနိုင်သည်။ ထူးခြားမှုတစ်ရပ်အနေဖြင့် ဝါးစိုက်ခင်းနှင့် ပမာဏချင်းညီမျှသော တောအုပ်ငယ်တစ်ခုသည် ကာဗွန်ဒိုင်အောက်ဆိုက် ၁၅ တန်ဝန်းကျင်ကိုသာ စုပ်ယူနိုင်သည်။ ဝါးပင်၏ လေထုထဲမှ ကာဗွန်ကိုစုပ်ယူနိုင်မှုစွမ်းအားသည် အခြားအပင်များထက် လေးဆကျော် ပိုမိုထိရောက်မှုရှိသည်။ အထူးသဖြင့် ဝါးပင်၏ အမြစ်ဖွဲ့စည်းမှုသည် ကျစ်လျစ်ခိုင်မာသည့်အတွက် မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်ပေးသည်။ စနစ်တကျခုတ်ယူပါက အခြားသစ်ပင်များကဲ့သို့ အသစ်ပြန်စိုက်ရန်မလိုဘဲ ပြန်ပေါက်သည့်အတွက် ပြုန်းတီးရန်ခက်ခဲသည့် အပင်မျိုးဖြစ်သည်။ ထိုမှုမက ဝါးပင်သည် ရာသီဥတုပူနွေးမှုကို လျှော့ချသည့်နေရာတွင် ကူညီနိုင်စွမ်းရှိသည်။

### ဘက်စုံသုံးဝါးပင်

အပူပိုင်းဒေသ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဝါးနှင့်ကင်းလွတ်သော ကျေးလက်ဒေသဟူ၍မရှိချေ။ ရက်သတ္တနှစ်ပတ်သားမတိုင်ခင် ဝါးပင်ပေါက်အရွယ်တွင် ချိုးယူ၍ မျှစ်အဖြစ် စားသောက်နိုင်သည်။ မျှစ်ကို ချက်ချင်းချိုးယူပြီး စားသုံးနိုင်သကဲ့သို့ မျှစ်ချဉ် သို့မဟုတ် မျှစ်ခြောက်များအဖြစ် ကြာရှည်ခံအောင်ထားကာ စားသုံးနိုင်သည်။ မျှစ်သည် ရင်ကျပ်၊ ချောင်းဆိုး၊ သလိပ်နိုင်ဆေးအဖြစ် လွန်စွာဆေးဖက်ဝင်သည်။ ထို့ပြင် သွေးထဲရှိမကောင်းသော LDL ကိုလက်စထရောအဆီများကျစေခြင်း၊ နှလုံးကို ပုံမှန်အလုပ်လုပ်စေခြင်း၊ ကိုယ်အလေးချိန်မတက်အောင် ထိန်းသိမ်းပေးခြင်း၊ ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာများကို လျှော့ချပေးခြင်း၊ အမျိုးသမီးများကို သွေးသားသန့်စင်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ ဝါးရွက်တွင် methanol ဓာတ် မြင့်မားစွာပါရှိနေပြီး ဝါးရွက်ပြုတ်ရည်သောက်ခြင်းဖြင့် ဝမ်းဗိုက်အတွင်းရှိ သန်ကောင်များကို သေစေနိုင်သည်။

ဝါးပင်ကို ကျန်းမာရေးဆိုင်ရာတွင်သာ အသုံးပြုနိုင်ရုံမျှမက အိမ်တွင်းအသုံးအဆောင်ပစ္စည်းများတွင်လည်း အသုံးပြုနိုင်သည်။ ဝါးလုံးကို နေရာမျိုးစုံအတွက် အသုံးပြုလေ့ရှိသည်။ ဝါးပင်နှစ်နှစ်သားခန့်တွင် နီးဖျာအဖြစ် ရက်လုပ်နိုင်ပြီး ငါးနှစ်သားခန့်တွင် ဝါးလုံး၊ ဝါးကပ်၊ အထပ်သား၊ ထရံ၊ ကုလားထိုင်၊ အိမ်အမိုးအကာ၊ တိုင် စသည်ဖြင့် လူ့အသုံးအဆောင်ပစ္စည်းများအတွက် အသုံးဝင်သည်။ မီးဖိုချောင်သုံးပစ္စည်းအချို့ကိုလည်း ဝါးဖြင့် ပြုလုပ်နိုင်သည်။ နိုင်ငံတကာ အဆင့်မီဖန်တီးထားသည့် အိမ်သုံးပရိဘောဂပစ္စည်း အသုံးအဆောင်များကိုလည်း ဝါးဖြင့်ဖန်တီးပြုလုပ်ကြသည်။ ထို့ကြောင့် ဝါးပင်သည် လူတို့အတွက် အစာအာဟာရမှအစပြု၍ ဝင်ငွေရရှိရေး၊ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးအထိ အကျိုးကျေးဇူးရရှိစေသည့် သဘာဝအရင်းအမြစ်ဖြစ်သည်။

### သယံဇာတဝါးပင်

၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော သစ်တောဥပဒေအရ ဝါးကို သစ်ပင်အနေဖြင့် ခွဲခြားသတ်မှတ်ထားသည်။ အလားတူ ၁၈၈၁ ခုနှစ်မြန်မာ့သစ်တောဥပဒေ၊ ၁၉၀၂ ခုနှစ် မြန်မာ့သစ်တောဥပဒေနှင့် ၁၉၂၇ ခုနှစ် အိန္ဒိယသစ်တောဥပဒေများတွင်လည်း ဝါးကို သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားသည်။ သို့သော် သိပ္ပံနည်းကျ အပင်မျိုးရိုးဗီဇအရ ဝါးသည် အကြီးမြန်သော မြက်မျိုးနွယ်ပင်ဖြစ်သည်။ မြက်မျိုးရင်းဝင် ဝါးပင်ကို ယခုလို သစ်ပင်စာရင်းတွင် ထည့်သွင်းထားရခြင်းမှာ ဝါးသည် ပြန်လည်ဖွံ့ဖြိုးမြဲသယံဇာတဖြစ်သော်လည်း အပင်မျိုးပျောက်ကွယ်မသွားစေရန်အတွက် ရေရှည်တည်တံ့မှုကို စဉ်းစားပြီး သစ်ပင်ကဲ့သို့ နှစ်စဉ် ထွက်ရှိနိုင်မည့်ပမာဏထက်မကျော်ဘဲ ထုတ်လုပ်သွားနိုင်စေရန် သစ်ပင်အမျိုးအစားအဖြစ် ထည့်သွင်းထားခြင်းဖြစ်သည်။

မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင် သယံဇာတ သစ်တောသစ်ပင်များရှိကြသည်။ သယံဇာတသစ်ပင်အများစု၏ သဘောသဘာဝအရ ယင်းသယံဇာတကို ရယူရန်အတွက် အချိန်ကြာရှည်စွာစောင့်ဆိုင်းရလေ့ရှိသည်။ တချို့သစ်ပင် သယံဇာတများက ပေါများသော်လည်း အသုံးဝင်မှုနည်းပါးခြင်း (သို့မဟုတ်) အသုံးတစ်ခုအတွက်သာ သင့်လျော်ခြင်း စသည်ဖြင့် ကန့်သတ်ချက်များရှိသည်။ ဝါးပင်မှာမူ အချိန်တို သုံးနှစ်၊ လေးနှစ်ဖြင့် သုံးနိုင်သော အဆင့်ရောက်ရှိခြင်း၊ ပေါများစွာ ပေါက်ရောက်ခြင်း၊ ဘက်စုံအသုံးဝင်ခြင်းတို့နှင့် ပြည့်စုံပေသည်။ သို့သော် စည်းကမ်းမဲ့ဝါးခုတ်ခြင်းကို အရေးယူမှုမရှိခြင်းနှင့် ပြန်လည်စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ဝါးပင်များပေါက်ရောက်မှု တဖြည်းဖြည်းနည်းပါးလာသည်။

### စနစ်တကျစိုက်ပျိုးသင့်သည့်ဝါး

ပြည်တွင်း၌ ဝါးပင်များသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် များစွာအသုံးဝင်သောကြောင့် နိုင်ငံတစ်ဝန်းတွင် ဝါးစိုက်ခင်းများကို မူဝါဒချမှတ်ကာ စနစ်တကျ စိုက်ပျိုးသင့်ကြောင်း ပြည်တွင်းမှ စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။ မြန်မာနိုင်ငံတွင် အလှစိုက်ပင်များ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ပြုလုပ်ရောင်းချရာတွင် များစွာအသုံးဝင်သည့် ဝါးပင်များကို ခုတ်ယူသုံးစွဲသူသာ များပြားနေကြပြီး ပြန်လည်ပြုစု ပျိုးထောင်စိုက်ပျိုးရန် နည်းပါးလာမှုကြောင့် လူအများလက်လှမ်းမီရာ တောစပ်နေရာများတွင် ဝါးပင်များနှင့် ဝါးရုံတောများ ရှားပါးလာသည်။

ဝါးခုတ်သူများသည် ၎င်းတို့ခုတ်ယူလိုက်သောနေရာများတွင် ဝါးပင်များ ပြန်လည်အစားထိုးစိုက်ပျိုးလေ့မရှိသလို စိုက်ပျိုးရေးနည်းစနစ်များကိုလည်း သေချာစွာသိရှိသူ နည်းပါးလျက်ရှိသောကြောင့် လက်ရှိတွင် ဝါးစိုက်ပျိုးနည်းများကို မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူမှုကွန်ရက်စာမျက်နှာများတွင်လည်း ဝါးစိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တနင်္သာရီဒေသမှ ကချင်ပြည်နယ်အထိ ဝါးပင်များ စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် မူဝါဒချမှတ်ပြီး စနစ်တကျစိုက်ပျိုးပါက အောင်မြင်မှုရရှိနိုင်ကြောင်း၊ ထို့ပြင် အရည်အသွေးကောင်းမွန်သော ဝါးကုန်ကြမ်းများကို ပြည်ပနိုင်ငံများကလည်း ဝယ်ယူလေ့ရှိသဖြင့် အဆင့်မြင့်နည်းပညာများနှင့် အရည်အသွေးမြင့်စေသော ဝါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက နိုင်ငံခြားသို့ အမြောက်အမြားတင်ပို့နိုင်မည်ဖြစ်သည်။

လက်ရှိတွင် ဝါးတောဧရိယာ စုစုပေါင်းဟက်တာ ၁ ဒသမ ၇ သန်းကျော် ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ နှစ်စဉ် ဝါးထုတ်လုပ်မှုမှာ တောထွက်ဝါးလုံးရေ ၆၃ သန်းကျော်ရှိသည်ဖြစ်ရာ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို စနစ်တကျ လုပ်ဆောင်နိုင်ပါက ပြည်ပပို့ကုန်အဖြစ် အားထားနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးပွားစေမည်ဖြစ်သည်။ နိုင်ငံတော်က ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာရေးအတွက် စီစဉ်ပေးခြင်း၊ ဝါးထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်မှုဇုန်ဖန်တီးပေးခြင်း၊

စာမျက်နှာ ၇ သို့ ◆

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်တက်ရောက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇**

၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ယူနန်ဘုံကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ဦးစွာ ယူနန်ဘုံကျောင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှိုက်လှဲစွာကြိုဆိုကြပြီး တရုတ်ရိုးရာပန်းစည်းနှင့် အနီရောင်လည်စည်းပဝါများကို လက်ဆောင်ပေးအပ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြသည်။




ထို့နောက် နှစ်သစ်ကူးပွဲတော်အခမ်းအနားကို နိုင်ငံတော်သီချင်းသီဆိုကာ နိုင်ငံတော်အလံကို အလေးပြု၍ဖွင့်လှစ်ကြသည်။ ယင်းနောက် ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ သိက္ခာတော်ရဆရာတော်က ဆုတောင်းဆက်ကပ်ပေးပြီး ယူနန်ဘုံကျောင်းဥက္ကဋ္ဌက တရုတ်ရိုးရာမင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်အခါသမယ၌ တက်ရောက်ချီးမြှင့်ပေးကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တရုတ်ရိုးရာ မြင်းနှစ်ဖြစ်သည့်အတွက် မြင်းနှစ်၏ အဓိပ္ပာယ်နှင့်အညီ လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်၊ စွမ်းအားအပြည့် ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကို ဉာဏ်ပညာ၊ ကျွမ်းကျင်မှုနှင့် အောင်မြင်စွာ ကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိပိုင်ဆိုင်ခြင်း စသည့် အဓိပ္ပာယ်များရှိသကဲ့သို့ ကချင်ပြည်နယ်အပါအဝင် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဘုံကျောင်းဥက္ကဋ္ဌတို့က နှစ်သစ်ကူးအထိမ်းအမှတ် ပန်းခြင်းလက်ဆောင်ကို အပြန်အလှန်ပေးအပ်ကြပြီး နှစ်သစ်ကူး၏အဓိပ္ပာယ်နှင့် လက်ဆောင်အဖြစ်ပေးအပ်ထားသည့် လည်စည်းပဝါနီ၏ အဓိပ္ပာယ်များကို ရှင်းလင်းပြောကြားခြင်း၊ သံပြိုင်တေးသီချင်းသီဆိုခြင်းနှင့် တရုတ်ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအတွက် ငွေကျပ် သိန်း ၄၀ ထောက်ပံ့ပေးအပ်၍ နှစ်သစ်ကူးအထိမ်းအမှတ် နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဆင်သေဆည်မှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေ ပေးဝေလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ်ရှိ ဆင်သေ ဆည်ရေသောက်စနစ် လက်ဝဲ/လက်ယာ တူးမြောင်းစနစ်များမှ နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်ကုန်းမြို့နယ်အတွင်း ရေအေးကွင်းစနစ်ကျလယ်ယာမြေ၊ ညောင်တုန်းအိုင်ကျေးရွာ နွေစပါးစိုက်ခင်း၊ ပေတောကွင်း စနစ်ကျလယ်ယာမြေနှင့် ကျေးချောင်းကျေးရွာရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများကို စိုက်ပျိုးရေပေးဝေမှု၊ မြေယာထွန်ယက်နေမှုနှင့် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ပြန်လည်ပြုပြင်**

ထို့နောက် ကျေးရွာအလိုက် ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ယခင်နှစ် နွေသီးနှံရေပေးရာသီတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့ရပြီး ယာယီအစီအစဉ်ဖြင့် ခက်ခက်ခဲခဲ စိုက်ပျိုးရေ ပေးဝေခဲ့ရကြောင်း၊ ယခုနှစ်တွင် ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခဲ့ပြီး စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာဖြင့် စနစ်တကျ ထိရောက် အကျိုးရှိစွာ သုံးစွဲကြရန်၊ အချိန်အခါအလိုက် စိုက်ပျိုးရေ ရရှိမှုအပေါ်မူတည်၍ သုံးသီးစိုက်ပျိုးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းစနစ်များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် လယ်ကြားမြောင်းများအား တောင်သူများပူးပေါင်းပါဝင်သည့် ရေအသုံးချသူများအဖွဲ့(WUG)များနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ အစဉ်ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် မျိုးကောင်းမျိုးသန့်ရရှိရေး သွင်းအားစုစနစ်များ အားကောင်းစေရေး၊ နှစ်စဉ်မိုးစပါး နွေစပါး စိုက်ပျိုးလျက်ရှိသည့် ရေသောက်ဧရိယာများ၏ မြေဆီလွှာများအားကို စမ်းသပ်စစ်ဆေးပြီး အာဟာရဓာတ်များနှင့် အရည်အသွေး ကျဆင်းပျက်စီးခြင်းမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်သင့်သည်များ၊ ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံပုံစံများနှင့် စိုက်နည်းစနစ်များအား သက်ဆိုင်ရာဦးစီးဌာန၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များမှ ပူးပေါင်းကွင်းဆင်း အသိပညာပေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအနီးရှိ အချင်း ၁၀ လက်မ၊ အနက်ပေ ၃၀၀ စက်ရေတွင်း အမှတ်(၁) တူးဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု အပေါ် ဒုတိယဝန်ကြီးက စက်ရေတွင်းများကို ဒေသအလိုက်မြေအောက်ရေအောင်းလွှာ အခြေအနေပေးမှုအပေါ်မူတည်၍စနစ်တကျတူးဖော်ကြရန်၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းမှု အခြေအနေအား အမြဲမပြတ် စောင့်ကြည့်ဆန်းစစ်ကြရန်နှင့် အခြားလုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသခံတောင်သူများ၏ အခက်အခဲ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သရက်မြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြု ငြိမ်းသတ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးချိုစက်သုံးဆီအရောင်းဆိုင်၊ AY စက်သုံးဆီအရောင်းဆိုင်နှင့် ထူးစတားစက်သုံးဆီအရောင်းဆိုင်တို့ကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကိုစစ်ဆေးပြီး မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် မီးဘေးလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး အမြှုပ်လုပ်ပိုက်ခေါင်းဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

◆ စာမျက်နှာ ၆ မှ

ပို့ကုန်အမည်သစ်အဖြစ် မျှစ်စိုက်ခင်းများ သီးသန့်ဖော်ဆောင်၍ တန်ဖိုးမြင့် မျှစ်စည်သွတ်ဘူးလုပ်ငန်း ထုတ်လုပ်နိုင်ရေး အားပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါက မြန်မာ့ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝါးနှင့် ကြိမ် သယံဇာတ ပေါကြွယ်ဝသော်လည်း ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုအားနည်းနေခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ကုန်ချောတင်ပို့မှုတွင် အဆင့် (၁၆) နေရာ၌သာ ရပ်တည်နိုင်ခြင်းဖြစ်သည်။ တောတောင်၊ ရေမြေမရွေးပေါက်ရောက်သည့် မြန်မာ့ဝါးကို အကျိုးရှိရှိ အသုံးချတတ်ပါက ရွှေကဲ့သို့ တန်ဖိုးမြင့်သည့် အပင်အမျိုးအစားဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါးဖြင့်ပြုလုပ်သည့် ကုန်ချောပစ္စည်းများကို အမျိုးအစားအလိုက်၊ ထုတ်လုပ်မှုအဆင့်အလိုက် ခွဲခြားကာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) ထုတ်လုပ်နိုင်သည့်ရွာများကို အားပေးမြှင့်တင်ခြင်းဖြင့် ဝါးကုန်ချောထုတ်လုပ်မှုများစွာတိုးတက်လာမည်ဖြစ်ပေသည်။

အချုပ်ဆိုသော် ကမ္ဘာ့ကြီးထွားမှု အမြန်ဆုံးအပင်ဖြစ်သည့် "ဝါးပင်" ကို "အစိမ်းရောင်ရွှေ" ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ ဝါးပင်သည် မြေဩဇာ၊ မြေဆီလွှာနှင့် မြေထိန်းသီးနှံအဖြစ်လည်းကောင်း၊ ရေအရင်းအမြစ် ထိန်းသိမ်းသီးနှံအဖြစ်လည်းကောင်း သဘာဝအတွက် များစွာအကျိုးပြုသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိ ဝါးမျိုးစိတ်များသည် တောင်တန်းဒေသ၊ ကုန်းမြင့်ဒေသအပါအဝင် ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ဝါးကို ဒေသရိုးရာအဖြစ် အဆောက်အအုံဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်းအပါအဝင် လူ့အသုံးအဆောင်အမျိုးမျိုး စသည်ဖြင့် အသုံးဝင်ပြီး ထိုလုပ်ငန်းများကြောင့် ကျေးလက်ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်ပါကြောင်းနှင့် ကြီးထွားမှုမြန်ဆန်ပြီး ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ဝါး(သစ်)တောများကို များများ တိုးချဲ့စိုက်ပျိုး၍ ဝါးသယံဇာတကို ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် (Sightseeing) ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှ ခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများကို ရှမ်းပြည်နယ်၏ ရေမြေတောတောင်သဘာဝရှုခင်းများအား ကြည့်ရှုခံစားနိုင်ရန်နှင့် သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား အနီးကပ် လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်-ဂုတ်ထိပ်- ပြင်ဦးလွင်နှင့် တောင်ကြီးမြို့၏ အလှအပများနှင့် သဘာဝရှုခင်းများအားကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် (Sightseeing) ရထားခရီးစဉ်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိပြီး ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး)ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် ခရီးသွားလာသူများ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်) ရှုခင်းကြည့်ရထား ခရီးစဉ်အား ရထားစီးခရီးသည်များပြားမှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရထားပြေးဆွဲမှုကို တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့ရပြီး ခရီးသည် စုစုပေါင်း ၄၆၁ ဦးနှင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် နံနက်ပိုင်း တစ်ကြိမ် ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၂၃၇ ဦး လိုက်ပါခဲ့သည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေး၍ ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာ၍ လမ်းခရီးတွင် ဘဝသံသရာ အပိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးခဲ့ကာ ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ အလားတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီပြန်လည်ရောက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စင်းလုံးငှားရမ်း ပြေးဆွဲပေးခဲ့ပြီး ပုဂ္ဂလိက ခရီးသွားအဖွဲ့မှ ခရီးသည် ၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် ရထားခရီးစဉ်အနေဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ စတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီလအထိ ပုံမှန် RBE ရထား ခရီးစဉ်တွင် ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၁၁၄၀ ပို့ဆောင်ပေးခဲ့ပြီး ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ယခု ဖေဖော်ဝါရီလ ရုံးပိတ်ရက်ကာလအတွင်း ခရီးသည်စီးနင်းမှုများပြားသဖြင့် ဂုတ်ထိပ်(၁)၊ ဂုတ်ထိပ်(၂) ပုံမှန် RBE ရထားခရီးစဉ်ကို အထက်တန်းတစ်တွဲနှင့် ရိုးရိုးတန်း ငါးတွဲပါဝင်သော ရထားကြီးဖြင့် ပြေးဆွဲပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ခရီးသည် စုစုပေါင်း ၅၈၂ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ အထက်တန်း RBE တွဲ ခရီးစဉ်သုံးကြိမ်၊ ရိုးရိုးတန်း RBE တွဲခရီးစဉ်နှစ်ကြိမ်နှင့် ရိုးရိုးတန်း RBE တွဲနှစ်တွဲပါ ခရီးစဉ်တစ်ကြိမ်ဖြစ်၍ ခရီးသည် စုစုပေါင်း ၂၃၂ ဦးနှင့် စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ဖေဖော်ဝါရီ ၁၁ ရက်၌ Mother Love ပုဂ္ဂလိကကျောင်းမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမ ၂၄၀ ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲပေးချိန်မှ ယနေ့အထိ ခရီးသည် စုစုပေါင်း ၃၂၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါ စီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိ ရပ်နားပြီး ဂုတ်ထိပ် (၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင် ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချို ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါ စီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

အထက်ပါ ရှုခင်းကြည့် (Sightseeing) ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံးပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင်၊ ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ နှင့် ကလော-ရွှေညောင် အသွား/ အပြန် ခရီးစဉ်အတွက် Package ဖြင့် အထူးရထား ငှားရမ်းမှုများကို ရုံးပိုင် (တာဝန်ခံ)ကလော၊ ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## အုတ်တွင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ် ကြက်သွန်ခင်း(၁)ရပ်ကွက်နှင့် ကျွဲပွဲမြို့ အမှတ်(၄)ရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းနှင့် အကြံပြုခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် လျှပ်စစ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့်အချက်များ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ထားရှိစေရေးနှင့် မီးသတ်ဆေးဘူးများ ထားရှိစေရေး၊ မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**စဉ့်ကူး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ မွေးစမှ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် ယနေ့နံနက်ပိုင်းမှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများကို စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူး ရှင်းသန့်လွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်သိန်းဦးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မွေးစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်-ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးခြင်းနှင့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာကာကွယ်ဆေး)တို့ကိုထိုးနှံပေးပြီး ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များကိုလည်း ကျန်းမာရေး စစ်ဆေးပေးခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကလေးအာဟာရ ဖွံ့ဖြိုးရေးအတွက် အာဟာရတိုက်ကျွေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ဇာလွင်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ ကျေးလက်လုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး



**ဇလွန် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ပဆင-ညောင်ပင်စျေး-ကြပ်ကြီး-သရက်တပင်- ညောင်ကုန်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် ပဆင- ကတော့ကရက်-ကျွန်းတော- စွန်ပိ-ကျည်းသုံးပင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းတို့ကို ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဟသ်ာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိ

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကာလအနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိပြီး အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးအများအပြား ပိုမိုလာရောက်ကြ၍ တည်းခိုဆောင်များပြည့်သည်အထိ လာရောက်ကြသည်။

**ကုသိုလ်ယူပါဝင်လှူဒါန်း**

ဘုရားဖူးလာရောက်ကြသူများသည် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် အနီးဝန်းကျင်ရှိ တည်းခိုဆောင်များတွင် အနားယူ အပန်းဖြေကြကာ နံနက်စောစော ညနေနှင့် ညချမ်းအချိန်တွင် စေတီတော်ကြီးအား တက်ရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ဝင်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊တရားဘာဝနာအားထုတ်ခြင်းနှင့် နံနက်အရုဏ်တက်ချိန်တွင် အရုဏ်ဆွမ်းကပ်၍ ဘုရားဝတ်ပြုခြင်းတို့ကို ပြုလုပ်ကြပြီး ဘုရားကြီး၏ရင်ပြင်တော်တိုးချဲ့တည်ဆောက်နေမှု လုပ်ငန်းများနှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ကုသိုလ်ယူပါဝင်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဘုရားဖူးဧည့်သည်များသည် ပင်လယ်ကမ်းခြေ




ဒေသ၏ လှပသောသဘာဝတရားကို ကြည့်ရှုခံစားပြီး ကျောက်ဆောင်များပေါ်တွင် အလှခာတ်ပုံများရိုက်ကူးခြင်း၊ ကျောက္ကလပ်သို့သွားရောက်လည်ပတ်ကြခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ကြပြီး ငွေတောင်ရေချိုးဆိပ်သို့သွားရောက်ကာ ရေကူးအပန်းဖြေအနားယူကြကြောင်း သိရသည်။

**လှိုင်မျိုးအောင်**

**○ ကျောဖုံးမှ**

ယခုတစ်ပတ် အစိုးရရုံးပိတ်ရက်ရှည်ကာလများတွင် တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ လာရောက်ခဲ့ကြပြီး Grade-12 တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးချိန်တွင် ဘုရားဖူးခရီးသွားများ ယခုထက် ပိုမိုစည်ကားနိုင်ကြောင်း မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။



မန်းရွှေစက်တော်ရာ ဘုရားကြီး၌ ဘုရားပွဲတော် ကျင်းပစဉ်ကာလ တစ်လျှောက် ပွဲတော်ဖွင့်ပွဲရက်၊ တပို့တွဲလပြည့်နေ့၊ တပေါင်းလပြည့်နေ့နှင့် တန်ခူးလမဟာသင်္ကြန်ရုံးပိတ်ရက် ကာလများတွင် နှစ်စဉ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ်ဘုရားပွဲတော်ကာလတွင် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မန်းရွှေစက်တော်ရာ ဘုရားကြီးအနီးရှိ မင်းလှကျင်းကျေးရွာမှ ဒေသခံများက ရှေးရိုးရာ အစဉ်အလာမပျက် လှည်းယဉ်တန်းများဖြင့် ဘုရားဖူးလာရောက်နိုင်ရေး စီစဉ်လျက်ရှိကြကြောင်း၊ အဆိုပါကျေးရွာမှ လှည်းယဉ်တန်းများသည် တပေါင်းလပြည့်နေ့မတိုင်မီ ဘုရားဖူး လာရောက်ကြပြီး တပေါင်းလပြည့်ကျော် ၁ ရက်တွင် ပြန်လည် ထွက်ခွာလေ့ရှိသဖြင့် လှည်းဝိုင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှတ်တရ မှတ်တမ်းရယူခြင်းနှင့် လှည်းယဉ်တန်းများဖြင့် ဘုရားဖူး သွားရောက်သည့် ရှေးရိုးရာဓလေ့ အစဉ်အလာကို လေ့လာလိုသည့် ဘုရားဖူးပြည်သူများအနေဖြင့် တပေါင်းလပြည့်နေ့မတိုင်မီ လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးအေးကိုက ရှင်းပြသည်။



ဦးအေးကို



ကိုဇော်ဌေးလှိုင်



ဒေါ်မြင့်ကြည်



ဒေါ်ဌေးဌေးလှိုင်

“ကျွန်တော်တို့ မိသားစုက မကွေးမြို့ကနေ နေ့ချင်းပြန်လာကြတာပါ။ ဘုရားရောက်တော့ ခြေတော်ရာနှစ်ဆူကို ဦးခိုက်ဖူးမြော်ပြီး ဘုရားပန်းလှူ ရွှေသင်္ကန်းနဲ့ ဆွမ်းကပ်လှူတယ်။ ဒါ့အပြင် နဂါးစာကျွေးကုသိုလ်ပြုပြီး ဘုရားက မျောက်လေးတွေကို အစာကျွေးကြတယ်။ အိမ်က ကလေးတွေ ဘုရားဖူးလည်ပတ်ရင်း ပင်ပန်းထားသမျှ မန်းချောင်းထဲမှာ ရေချိုးပြီး အပန်းဖြေနေတာ မြင်တွေ့ရတော့ စိတ်ထဲမှာ ကြည်နူး ပျော်ရွှင်ရပါတယ်” ဟု မကွေးမြို့မှ ဘုရားဖူးလာရောက်သူ ကိုဇော်ဌေးလှိုင်က ပြောသည်။

“မြန်မာနိုင်ငံမှာ ထင်ရှားကျော်ကြားပြီးတော့ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို ဘုရားဖူးကားနဲ့ အပေါင်းအသင်းတွေနဲ့ အတူ ကျွန်မတို့ မိသားစုလိုက်လာကြတာပါ။ ဘုရားပွဲတော်ကဆောင်းအကုန်နွေအကူးကာလဆိုတော့ နွေရဲ့ရသကို ပိုပြီးခံစားရသလို လမ်းတစ်လျှောက်မှာလည်း အပင်တွေက ရွက်ဟောင်းကြွေ ရွက်သစ်ဝေနေတဲ့ မြင်ကွင်းက လွမ်းမောဖွယ်ရာ ကောင်းလှပါတယ်။ လာမယ့်နှစ်တွေမှာလည်း မန်းရွှေစက်တော်ကို အန်တီတို့ မိသားစုနဲ့အတူ နောက်တစ်ကြိမ် ဘုရားဖူးလာနိုင်အောင် ကြိုးစားသွားဦးမှာပါ”ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက် လည်ပတ်သူ ဒေါ်မြင့်ကြည်က ပြောသည်။

“မန်းရွှေစက်တော်ကို လာလည်ချင်နေတာကြာပြီ။ ရွှေစက်တော် ဘုရားပွဲကို တစ်ခါမှ မရောက်ဖူးသေးလို့ အိမ်က ကလေးငယ်တွေနဲ့ အတူ ရောက်ဖူးအောင် လာလိုက်တာပါ။ လမ်းခရီးတစ်လျှောက် အေးချမ်းသာယာပြီး ဘုရားကို ရောက်တော့လည်း ရင်ထဲရော စိတ်ထဲမှာပါ အေးချမ်းပျော်ရွှင်ရပါတယ်။ ဘုရားဖူးခရီးသွားရင်း အလှူအတန်းနဲ့ ကောင်းမှုကုသိုလ်တွေ ပြုလုပ်တယ်။ ဘုရားပွဲဈေးတန်းမှာ လည်ပတ်ပြီး မန်းချောင်းထဲရေချိုးရတာ အလွန်ပဲ ပျော်စရာကောင်းပါတယ်။ မန်းရွှေစက်တော် ဘုရားကြီးက အေးချမ်းသာယာပြီး ဘုရားဖူးလည်ပတ်ရင်း ပျော်ရွှင်စရာကောင်းတဲ့နေရာဖြစ်လို့ ရောက်ဖူးတဲ့သူတွေရော မရောက်ဖူးသေးတဲ့သူတွေရော ဘုရားဖူးလာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်ရှင်”ဟု ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ဘုရားဖူးခရီးသွားပြည်သူ ဒေါ်ဌေးဌေးလှိုင်က ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များ အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ရွှေစာရံဘုရားပွဲတော်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ သမိုင်းဝင်ရွှေစာရံဘုရား၊ ဘုရားပွဲတော်ကျင်းပနေစဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေစာရံဘုရားနှင့် ဈေးတန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ရွှေစာရံဘုရားပတ်ဝန်းကျင်ရှိ လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့တက်ရောက်ကြမည့်နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# တောင်တွင်းကြီးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မကွေးတက္ကသိုလ်မှ ဆရာ ဆရာမ နည်းပြများက အွန်လိုင်းစနစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်ရာ တောင်တွင်းကြီးမြို့နယ်၌ အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီက ယနေ့နံနက်ပိုင်းမှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

**ဆွေးနွေး**

ထိုသို့ သင်ကြားပို့ချရာတွင် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ဆရာ ဆရာမ ၅၆ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၇၄ ဦး၊ မြို့နယ်ပညာရေးမှူးရုံးအပေါ်ထပ် အစည်းအဝေးခန်းမ၌ ဆရာ ဆရာမ ၄၄ ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၄၀၊ ရန်ပယ်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ဆရာ ဆရာမ ၂၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ စုစုပေါင်း ဆရာ ဆရာမ ၁၂၂ ဦး၊ ကျောင်းသား ကျောင်းသူ ၅၆၄ ဦးတို့အား ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင်တိုင် သင်ကြားပို့ချခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

# သုံးခွမြို့နယ် စီကြီးကုန်းကျေးရွာ၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာအုပ်စု စီကြီးကုန်းကျေးရွာ ဓမ္မာရုံ၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် သုံးခွမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ကျော်ကိုကိုခိုင်က တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာအကြောင်းအရာများ၊ ဇီဝလုံခြုံမှုနှင့် လုပ်ဆောင်ရမည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ အခမ်းအနားသို့ မွေးမြူရေးလုပ်ကိုင်သူများ တက်ရောက်ကြပြီး သိရှိလိုသည့်မေးမြန်းမှုများကို မြို့နယ်ဦးစီးမှူး ဒေါက်တာ ကျော်ကိုကိုခိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# အာဖရိကဝက် အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်းမပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှ တရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပင်းတယမြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

**ပင်းတယ ဖေဖော်ဝါရီ ၁၇**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပင်းတယမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိခြင်း ရှိ/မရှိ၊ မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ တို့ကို ပင်းတယမြို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပင်းတယမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပြန်/ဆက်)**

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ယနေ့နံနက် ၅ နာရီ ၃၉ မိနစ် ၆ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏ အနောက်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၅၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# လူငယ်များ၏ စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်

ကိုယဥ်ချစ် (မန္တလေး)

**နေ့စဉ်ထုတ်သတင်းစာများတွင် မှုခင်းသတင်းနှစ်ပုဒ်ကို စိတ်မချမ်းမြေ့ဖွယ် ဖတ်ရှုလိုက်ရသည်။ တစ်ပုဒ်မှာ အငှားယာဉ်မောင်းကို သတ်ဖြတ်၍ မော်တော်ယာဉ် လုယက်ယူဆောင်မှုနှင့် တစ်ပုဒ်မှာ ဟိုတယ်တစ်ခုတွင် အမျိုးသမီးငယ်တစ်ဦးကို ရက်စက်စွာသတ်ဖြတ်သည့် တရားခံများကို ဖမ်းဆီးရမိမှုတို့ဖြစ်သည်။**

ပြစ်မှုကျူးလွန်သူများသည် ဆယ်ကျော်သက်အရွယ်များဖြစ်သည်ကို သတိပြုမိသည်။ ပြစ်မှုကျူးလွန်ခြင်း၏အခြေခံသည် ငွေကြေးသုံးစွဲလိုမှု၊ ဂိမ်းအလွန်အကျွံကစားမှု၊ လူသတ်အလောင်းဖျောက်သည့် နိုင်ငံခြားဇာတ်လမ်းတွဲများ အလွန်အကျွံကြည့်မှုများကြောင့်ဟု သိရသည်။ ရက်စက်ယုတ်မာလွန်းသည့် ကျူးလွန်မှုများကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့် လူမှုရေးနယ်ပယ်တွင် အစွန်းအထင်းအဖြစ် ကျန်ရစ်ခဲ့သည်။ ဖြစ်ပွားရသည့် အခြေခံသည် စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်ပျက်စီးလာခြင်းကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။

စာရိတ္တဆိုသည်မှာ ကိုယ်ကျင့်တရား၊ အကျင့်ဖြစ်သည်။ ကိုယ်ကျင့်တရားသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်ရခြင်းဖြစ်ပြီး လူ့ဘဝရပ်တည်နေထိုင်ရေးတွင် အရေးကြီးဆုံး အကျင့်စရိုက်ဖြစ်သည်။ အကျင့်ဆိုသည်မှာ စွဲမြဲသောအလေ့၊ စာရိတ္တ၊ စရိုက်ဆိုသည်မှာ အပြုအမူ၊ အလေ့အကျင့်ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် လူ့ဘဝတွင် သိက္ခာရှိရှိဖြင့် ရပ်တည်သွားနိုင်ရန်မှာ စာရိတ္တကောင်းမွန်ရေးဖြစ်သည်။

မြန်မာတို့သည် ရှေးအစဉ်အဆက်ကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် ရိုးရိုးသားသား နေထိုင်ခဲ့သူများဖြစ်သည်။ ယခုကာလတွင် စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်လာမှုများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့လာရသည်။ အဓိကမှာ အခြေခံကျသည့် ငယ်ရွယ်စဉ်ဘဝ၌ ပြုစုပျိုးထောင်မှုများ အားနည်းလာခြင်းဖြစ်သည်။ လူငယ်တစ်ဦး၏ စာရိတ္တမဏ္ဍိုင်ကောင်းမွန်ရေးသည် ကာယကံရှင်၏ ကိုယ်တိုင်ပြုမူဆောင်ရွက်မှု၊ မိဘနှင့် ဆရာများ၏ သွန်သင်ဆုံးမမှု၊ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံမှုများအပေါ် မူတည်နေသည်။

"ပျားပိတုန်းတို့သည် ပန်းကို အလိုရှိကုန်၏။ သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။ ယင်ကောင်သည် အပုပ်ကို အလိုရှိကုန်၏။ သူယုတ်သည် အမျက်ဒေါသကို အလိုရှိကုန်၏" ဟု လောကနီတိတွင် မှတ်သားဖူးသည်။ မျက်မှောက်ခေတ်လူငယ်များအတွင်း၌ မြန်မာ့ယဉ်ကျေးမှုအခြေခံများဖြစ်ကြသည့် လောကနီတိ၊ ၃၈ ဖြာမင်္ဂလာ၊ ရှေးပညာရှိကြီးများ၏ ဆုံးမစာများနှင့် အလှမ်းဝေးလာခြင်းကြောင့် မကောင်းသောအခြေအနေများ ဖြစ်ပေါ်နေသည်ဟု ယူဆမိသည်။

လူငယ်များကိုယ်တိုင်က ကိုယ်ကျင့်တရားကို အလေးထားနေထိုင်တတ်ရန် လိုအပ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများကို အထင်ကြီးလာကြသည်။ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကို အထင်သေးလာကြသည်။ ထို့ကြောင့် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုး၊ လုပ်သင့်သည်နှင့် မလုပ်သင့်သည်များကို ဆင်ခြင်နိုင်မှု အားနည်းလာခြင်းကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်လာရသည်။ ဆိုးကျိုးများသည် ကာယကံရှင်ကိုယ်တိုင်ခံစားရသည့်အပြင် မိသားစုပါ ထိခိုက်စေသည်။ ထိုမှတစ်ဆင့်တက်၍ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်ထိန်းသိမ်းလိုစိတ်များကိုပါ သက်ရောက်မှုရှိလာစေနိုင်သည်။

လူငယ်ဆိုသည့် အသက်အပိုင်းအခြားတွင် သားသမီးအဖြစ်၊ တပည့်အဖြစ် ရပ်တည်ကြရသည်။ ထို့ကြောင့် **"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"** ဆိုသည့် သားသမီးဝတ္တရားငါးပါး၊ **"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"** ဆိုသည့် တပည့်ဝတ္တရားငါးပါးတို့ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်နေသည်။

မျက်မှောက်ခေတ်တွင် လူငယ်များအတွင်း၌ နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းများက နေရာယူလာကြသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဆိုစကားအတိုင်း ကောင်းကျိုးများအတွက် နည်းပညာရပ်များကို လေ့လာဆည်းပူးသင့်သော်လည်း လောင်းကစားဂိမ်းများ၊ ညစ်ညမ်းဗီဒီယိုများ၊ အယူအဆ လွဲမှားစေနိုင်သည့် ထုတ်လွှင့်နေမှုများကို ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် ရှောင်ကြဉ်သင့်သည်။ တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို တလွဲအသုံးချမိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာများတွင် ယုတ်လျော့ကျဆင်းလာသည်။

> **မျက်မှောက်ခေတ်တွင် လူငယ်များအတွင်း၌ နည်းပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းများက နေရာယူလာကြသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဆိုစကားအတိုင်း ကောင်းကျိုးများအတွက် နည်းပညာရပ်များကို လေ့လာဆည်းပူးသင့်သော်လည်း လောင်းကစားဂိမ်းများ၊ ညစ်ညမ်းဗီဒီယိုများ၊ အယူအဆလွဲမှားစေနိုင်သည့် ထုတ်လွှင့်နေမှုများကို ကိုယ်ပိုင်စဉ်းစားဉာဏ်ဖြင့် ရှောင်ကြဉ်သင့်သည်။ တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို တလွဲအသုံးချမိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာများတွင် ယုတ်လျော့ကျဆင်းလာ**

### အသုံးချခံဘဝကိုပါ ရောက်ရှိသွား

လူငယ်များသည် ပညာရှာရမည့်အရွယ်ဖြစ်သော်လည်း လောင်းကစားဂိမ်းများနှင့် ဆက်စပ်၍ အပေါင်းအသင်းမှားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုနှင့် အခြားအပျော်အပါးလိုက်စားမှုများ ပြုလုပ်လာကြသည်။ ထိုသို့ပြုလုပ်နိုင်ရန် ငွေကြေးလိုအပ်လာမှုကြောင့် ကိုယ်ကျင့်တရားများ ချို့ယွင်းပျက်စီးလာကာ မလုပ်သင့်သည့်အလုပ်များကို ပြုလုပ်လာကြသည်။ ထို့အပြင် ကိုယ်ကျိုးရှာစီးပွားရေးသမားများနှင့် ကြုံတွေ့ရသူ လူငယ်များသည် ထိုသူများ၏ အသုံးချခံဘဝကိုပါ ရောက်ရှိသွားကြသည်။

မိဘများသည် လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ ဆိုသည့်အတိုင်း သားသမီးတိုင်း၏ လက်ဦးဆရာများဖြစ်ကြသည်။ တချို့မိဘများ ကိုယ်တိုင်က အယူအဆများ လွဲမှားနေခြင်း၊ ဥစ္စာဓနအတွက် သားသမီးများအရေးထက် စီးပွားရေး၊ လူမှုရေးများကို ဦးစားပေးခြင်းတို့ကြောင့် သားသမီးများအပေါ် ဆိုဆုံးမမှုအားနည်းလာသည်ကို သတိမမူနိုင်အောင် ဖြစ်နေကြသည်။

သားသမီးငယ်က၊ မဆုံးမသော်၊ မိဘတစ်လည်၊ ရန်သူမည်၏ ဆိုစကားအတိုင်း မိမိတို့သားသမီးများကို ငယ်ရွယ်စဉ်ဘဝကတည်းကပင် သွန်သင်ဆုံးမမပေးနိုင်ခဲ့ပါက သားသမီးများ ကြီးပြင်းလာချိန်တွင် စိုးရိမ်သောကများကို ခံစားကြရမည်မှာ ဧကန်အမှန်ဖြစ်သည်။ မိမိတို့သားသမီးများ၏ ငယ်စဉ်ဘဝသည် ရွှံ့ရုပ်လေးများနှင့် သဏ္ဌာန်တူသည်။ ရွှံ့ရုပ်လေးကို စတင်ထုလုပ်စဉ်ကပင် အမြင်မတင့်သည့်အပိုင်းကိုပယ်၊ လှပအမြင်တင့်အောင် လက်ရာကောင်းကောင်းဖြင့် ထုဆစ်ပုံဖော်ပေးကြရပါမည်။ ဤသို့ မထုဆစ်နိုင်ဘဲ ရွှံ့ရုပ်လေးခြောက်သွားမှ ပြန်လည်ပြင်ဆင်ရန် မလွယ်ကူတော့ပါ။

ကုဋေ ၈၀ သူဌေးသားသည် မိဘများက အလိုလိုက်၍ ငယ်စဉ်ဘဝက ပညာမသင်ယူခဲ့သည့်အတွက် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးတို့ကို မဝေခွဲနိုင်ဘဲ သူယုတ်မာများနှင့် ပေါင်းဖော်မိ၍ အဆုံးတွင် ခွက်ဆွဲ၍တောင်းစားရသည့်ဘဝ ရောက်သွားခဲ့သည့်သာဓကကို လူတိုင်းကြားသိဖူးပြီးဖြစ်သည်။ မိဘတိုင်းက သားသမီးကို ဆင်စီးမြင်းရံ ဖြစ်စေချင်သော်လည်း လွဲမှားသည့် မိဘချစ်ခြင်းမျိုး မဖြစ်စေရန်လိုပါသည်။

မိမိတို့ သားသမီးများအား ကိုယ်ကျင့်တရားကောင်းမွန်သူ၊ ယဉ်ကျေးလိမ္မာသူ၊ ထူးချွန်ထက်မြက်သူ၊ ရိုးသားသူ၊ အမှန်တရားကို မြတ်နိုး၍ အများအကျိုးနှင့် ကိုယ့်အကျိုးမျှတအောင် နေထိုင်တတ်သူများဖြစ်စေရန် ထုဆစ်ပုံဖော်ပေးရမည့် တာဝန်များ ရှိကြပါသည်။ **"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"**ဆိုသည့် မိဘဝတ္တရားငါးပါးကို ကျေပွန်အောင် ဆောင်ရွက်ပေးကြရပါမည်။

### ဆရာကောင်းတပည့်၊ ပန်းကောင်းပန်

ဆရာများသည် အနန္တောအနန္တငါးပါးတွင် ဘုရားနှင့်တစ်ဂိုဏ်းတည်း ဆည်းကပ်ကိုးကွယ်ရသည့်သူများဖြစ်ကြသည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည်တို့ကို စိုက်ထုတ်ရင်းနှီး၍ တပည့်များကို ကျောင်းစာများ သင်ကြားပေးရုံသာမက တော်သူတတ်သူများ၊ ထူးချွန်ထက်မြက်သူများ၊ လိမ္မာရေးခြားရှိသူများ၊ ကိုယ်ကျင့်တရားကောင်းသူများ ဖြစ်လာစေရန် သွန်သင်ဆုံးမ နည်းလမ်းပြပေးကြသူများဖြစ်သည်။ ကျောင်းနေအရွယ်တွင် ဆရာများသည် မိဘများထက်ပိုမိုအနီးကပ်ဆက်ဆံနေကြရသူများဖြစ်သည်။ ပညာသင်ကြားပေးသည့် တာဝန်အပြင် တပည့်များ၏ အနာဂတ်ဘဝလှပစေရန် ဖော်ဆောင်ပေးသူများလည်းဖြစ်သည်။ ဆရာကောင်းတပည့်၊ ပန်းကောင်းပန် ဆိုစကားအတိုင်း ထူးချွန်ထက်မြက်ကြသူများသည် ဆရာကောင်းများ၏ တပည့်များဖြစ်ခဲ့သည်ကို မြင်တွေ့ရသည်။

စာရေးသူတို့ မူလတန်းပညာ စတင်သင်ယူချိန်က ကျောင်းအုပ်ဆရာမကြီးသည် စည်းကမ်းကြီးသည်။ လူမှုဘဝတွင် အခြေခံကျသည့် အသိပညာများကို သင်ကြားပေးခဲ့သည်။ ကျောင်းသွားကျောင်းပြန်ချိန်တွင် လမ်းတွင် ဆော့ကစားခြင်း မလုပ်ရဘဲ လက်ပိုက်၍ သွားကြ၊ ပြန်ကြရသည်။ အိမ်ပြန်ရောက်လျှင် မိဘများ၊ အဘိုးအဘွားများကို ကန်တော့ကြရသည်။ ကျောင်းသားအချင်းချင်း ရန်ဖြစ်ခြင်း၊ သူတစ်ပါးပစ္စည်းကို မသိအောင်ယူခြင်း ပြုမိပါက ဆရာမကြီးက ကြိမ်လုံးနှင့်ရိုက်နှက်ဆုံးမသည်။ ကျောင်းတက်ပါက ဘုရားရှိခိုးကြရသည်။ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆို၍ အလေးပြုကြရသည်။ မူလတန်းပညာ သင်ကြားပြီးဆုံးပါက ဘုရားရှိခိုးစာ၊ နိုင်ငံတော်သီချင်းတို့ ရွတ်ဆိုတတ်သွားကြသည်။ မိဘများကလည်း သားသမီးများအား အမြင်မတော်၊ အကြားမတော်သည်များရှိပါက ကြိုက်သလို ဆုံးမပေးပါရန် ဆရာများကို လေးလေးစားစားဖြင့် အပ်နှံကြသည်။ လူငယ်များ ဘဝအခြေခံကောင်းမွန်စေရန် မူလတန်းပညာသင်ကြားစဉ်ကတည်းကပင် ယဉ်ကျေးလိမ္မာစေမည့် သွန်သင်ဆုံးမမှုများ၊ လောကနီတိများကိုပါ သင်ကြားပေးခဲ့သည်ကို ပြန်လည်အမှတ်ရမိသည်။

ကျောင်းစာပညာရပ်များ သင်ယူပြီးမြောက်၍ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်ကြသည့်အချိန်တွင် ဌာနအကြီးအကဲများ၊ အထက်အရာရှိများက လုပ်ငန်းခွင်ကျွမ်းကျင်အောင် လုပ်ငန်းဆိုင်ရာ အတတ်ပညာများကို သင်ကြားပေးခဲ့ကြသည်။ အတုယူစရာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့် ထိတွေ့လုပ်ကိုင်ကြရသူများက လုပ်ငန်းခွင်တွင် တိုးတက်အောင်မြင်မှုများ ရရှိကြသည်။ ဆရာသမားများ၏ ကျေးဇူးဂုဏ်ကို ထောက်ထား၍ ကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။

### နည်းလမ်းမှန်စွာဖြင့် သွန်သင်ဆုံးမ နည်းလမ်းပြပေးကြရမည်

စာပေများထဲတွင် နှမ်းခိုးစားခဲ့သည့် ဘုရင့်သားတော်ကို ဆုံးမခဲ့သည့်ဆရာ။ မင်းတုန်းမင်းငယ်စဉ်က ပညာသင်ကြားချိန်တွင် ငါးခြောက်ပြားတစ်ချပ်ကိုပင် မထိန်းသိမ်းနိုင်ခဲ့သည့်အတွက် မင်းပြစ်မင်းဒဏ် ခံရနိုင်မှန်းသိသော်လည်း ရိုက်နှက်ဆုံးမခဲ့သည့်ဆရာမျိုးလည်းရှိခဲ့သည်။ ဒေဝဒတ်ကို ဆရာအတင်မှား၍ ဖခင်ကို ပြန်သတ်မိခဲ့သည့် အဇာတသတ်မင်းသားလို တပည့်မျိုးလည်းရှိခဲ့သည်။ ဆရာတိုင်းက မာဃဒေဝလင်္ကာတွင်ဆိုထားသည့် **"ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့"**ဟု ဆိုသည့်အတိုင်း တပည့်များ၏ အမုန်းကိုခံကာ စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများ ဖြစ်လာစေရန် တပည့်များကို နည်းလမ်းမှန်စွာဖြင့် သွန်သင်ဆုံးမ နည်းလမ်းပြပေးကြရမည်ဖြစ်ပါသည်။

လူငယ်တိုင်းက မိသားစုထက် သူငယ်ချင်းအပေါင်းအသင်းများကို ပိုမိုခင်တွယ်တတ်ကြသည်။ အပေါင်းအသင်းမှားယွင်းပါက မိမိတို့ဘဝလမ်းမှားကို ရောက်ရှိသွားနိုင်သည်။ မိတ်ဆွေစစ်၊ မိတ်ဆွေတုများကို ခွဲခြားပေါင်းသင်းတတ်ရန်လိုသည်။ အပေါင်းအသင်းမှားပါက ဘဝပျက်၍ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ခဲ့ရသည့် ဖြစ်ရပ်များ၊ စာရိတ္တပျက်ယွင်းမှုကြောင့် ပညာထူးချွန်ထက်မြက်သူပင်ဖြစ်စေကာမူ လူဆိုးလူမိုက်ဖြစ်သွားတတ်သည့် နမူနာများကို ရယူကာ ရွေးချယ်ပေါင်းသင်းတတ်ကြရန် လိုအပ်သည်။ လူမှုကွန်ရက်စာမျက်နှာများကိုလည်း အလွဲအမှား၊ အလွန်အကျွံ မသုံးစွဲမိစေရန် ဆင်ခြင်ကြရပါမည်။

တချို့က ရတာမလို၊ လိုတာမရသည်ကို ဆင်းရဲသည်ဟု ထင်မှတ်ကြသည်။ အမှန်မှာ မရနိုင်တာကို လိုချင်ခြင်း၊ မဖြစ်သင့်သည်ကို ဖြစ်ခြင်းများကသာ ဆင်းရဲခြင်း အစစ်အမှန်ဖြစ်သည်။ ဤအယူအဆ လွဲမှားမှုကြောင့် မိမိစိတ်ဆန္ဒကို အလိုလိုက်ကာ ဇွတ်အတင်းပြုလုပ်လာကြသည့်အတွက် စာရိတ္တများ ယိုယွင်းပျက်စီးလာခြင်းဖြစ်သည်။ လူငယ်များ၏ စာရိတ္တယိမ်းယိုင်လာခြင်းကြောင့် နိုင်ငံတိုးတက်မှု အရှိန်အဟုန်ပျက်စေနိုင်သလို မိဘပြည်သူများ၏ စိတ်နှလုံးကို ညှိုးနွမ်းစေပါသည်။

သို့ဖြစ်၍ တစ်မျိုးသားလုံး၏အရေးဖြစ်သည့် လူငယ်များ၏ စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာရေး လုပ်ငန်းများကို လူငယ်များအပါအဝင် မိဘပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းသွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# နွေရာသီကျောင်းအားလပ်ရက်များတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာကာလတိုသင်တန်းများ ဖွင့်လှစ်



**ဘားအံ ဖေဖော်ဝါရီ ၁၇**

နွေရာသီကျောင်းအားလပ်ရက်များတွင် အခြေခံကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း သင်တန်းများဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသား သင်တန်းသူများ အနေဖြင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေးအတွက် စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွသင်ယူကြရန်နှင့် သင်တန်းပြီးဆုံးပါက သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချ၍ မိမိမိသားစု၊ ရပ်ရွာဒေသ၊ ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း သင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကာ သင်တန်းသား သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍အားပေးစကားများပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀၊ အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀၊ အခြေခံအိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းသင်တန်းတွင် သင်တန်းသား ၂၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာ သင်တန်းခန်းမများအတွင်း ဘာသာရပ်များအလိုက် ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇**

ပြင်ဦးလွင်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ လူမှုကူညီရေးအသင်းအဖွဲ့များမှ အသင်းသား အသင်းသူများနှင့် ဆရာ ဆရာမများ စုစုပေါင်း ၂၅ ဦးအား ရှေးဦးပြုစုခြင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် ပြင်ဦးလွင်လူမှုကူညီရေးအသင်း၊ သန္တိသုခ လူမှုကူညီရေးအသင်းအပါအဝင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိရပ်ကွက်ကြီး/ ကျေးရွာများမှ လူနာတင်ယာဉ်ဖြင့် လူမှုကူညီရေးများ ဆောင်ရွက်ပေးနေသော အသင်းအဖွဲ့များမှ အသင်းဝင်များ၊ စေတနာရှင်များ၊ ပြင်ဦးလွင်မြို့ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများအား ရှေးဦးသူနာပြုစုနည်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ပြင်ဦးလွင်မြို့နယ် ကြက်ခြေနီအသင်းမှ ထူးချွန်ကြက်ခြေနီ၊ နည်းပြများက စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးလျက်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)



# မြို့သစ်မြို့နယ်၌ အခြေခံပန်းချီ ရေးဆွဲနည်းသင်တန်းဖွင့်လှစ်မည်

**မြို့သစ် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံ ပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁ ရက်မှစတင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်း (Book Club) အဖွဲ့ဝင်ဖြစ်သည့် ပန်းချီဆရာ ဦးတင်မောင်ဝင်းက သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကာ အခြေခံပန်းချီရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များ၊ ပန်းချီရေးဆွဲမည့်ပုံစံအမျိုးမျိုး၊ အရောင်ခြယ်ပုံခြယ်နည်း၊ အလင်းအမှောင်နှင့် ပန်းချီရေးဆွဲနည်း ဆိုင်ရာ အကြောင်းအရာများကို မတ် ၁ ရက်မှ ၃၁ ရက်အထိ အခြေခံပညာ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

# ကျောက်ကြီးမြို့နယ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်



**ကျောက်ကြီး ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းမှ စတင်၍ မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာမူလတန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို မြို့နယ်ပညာရေးမှူးရုံး၏ စီမံညွှန်ကြားမှုဖြင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဦးဆောင်၍ အခြေခံပညာမူလတန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့်တွင် သင်တန်းသား စုစုပေါင်း ၆၆ ဦးအား ဆရာ ဆရာမ ကိုးဦးက လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် သင်တန်းသား စုစုပေါင်း ၁၄ ဦးကို ဆရာ ဆရာမ ရှစ်ဦးက လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ခုနစ်ရက်တာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်လှစ်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အီတလီနိုင်ငံ နေပယ်မြို့ရှိ ပြဇာတ်ရုံတွင် မီးလောင်မှုဖြစ်ပွား

ရောမ ဖေဖော်ဝါရီ ၁၇

အီတလီနိုင်ငံ နေပယ်မြို့ရှိ သမိုင်းဝင် တက်ထရိုဆန်နေစာရို ပြဇာတ်ရုံတွင် ဖေဖော်ဝါရီ ၁၇ ရက်အစောပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ပြဇာတ်ရုံအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပွားပြီး ၎င်းမီးလောင်မှုမှတစ်ဆင့် ပြဇာတ်ရုံအနီးရှိ ဒေသခံများမှာ မီးခိုးမွန်သည့် ဝေဒနာခံစားခဲ့ရသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဒေသန္တရမီဒီယာများက ပြောကြားသည်။

ယင်းမတော်တဆမှုသည် နံနက်အရုဏ်တက်ချိန်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ပြဇာတ်ရုံ၏အမိုးမှာ မီးလောင်ကျွမ်းပျက်စီးခဲ့ကာ အနီးရှိ လူနေအဆောက်အအုံများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဒေသခံသတင်းစာ Corriere della Sera ၏ ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းပြဇာတ်ရုံကို သစ်သားဖြင့်တည်ဆောက်ထားသဖြင့် အလျင်အမြန်မီးကူးစက်ခဲ့ကြောင်းနှင့် မီးခိုးလုံးကြီးများ ကောင်းကင်သို့တက်လာသည်ကို တွေ့မြင်ရကြောင်း ဒေသခံများက ပြောကြားသည်။ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်သည့် ဝေဒနာခံစားရသဖြင့် ဒေသခံလေးဦးအား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။ မီးသတ်သမားများကို အခင်းဖြစ်ရာနေရာသို့စေလွှတ်ကာ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်စေခဲ့ပြီး ၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လျှပ်စစ်ဆားကစ်များ ရှော့ဖြစ်၍ မီးလောင်ကျွမ်းမှုဖြစ်ခဲ့သည်ဟု ပဏာမသုံးသပ်ချက်ပြုခဲ့သော်လည်း အကြောင်းရင်းကို အတည်မပြုနိုင်သေးကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ






# အာဖဂန်နိုင်ငံ၏ ပြည်ပပို့ကုန် ယမန်နှစ်အတွင်း ၂၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့

ကဘူးလ် ဖေဖော်ဝါရီ ၁၇

အာဖဂန်နိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏသည် ယမန်နှစ်အတွင်း ၂၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး နိုရူဒင်အက်ဇီဇီက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နိုင်ငံ၏စီးပွားရေးလိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် ရည်ရွယ်ကျင်းပသည့် စီးပွားရေးဆိုင်ရာ ညီလာခံတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်ပပို့ကုန်မြင့်တက်လာခြင်းဖြင့် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးအရ ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ပြသနေသည်ဟု ၎င်းက ပြောကြားသည်။ ညီလာခံအတွင်း အာဖဂန်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်တို့အကြား ကန်ဒေါ်လာ သန်း ၃၀၀ တန်ကြေးရှိသည့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ နိုင်ငံ၏ ပြည်ပပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်ခြင်းအပြင် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများတွင် ဒေသခံများအတွက် အလုပ်များပေးခြင်းဖြင့် နိုင်ငံစီးပွားရေးတည်ငြိမ်စေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# နမီးဘီးယားနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရ

ဝင်းဒွဲခ် ဖေဖော်ဝါရီ ၁၇

နမီးဘီးယားနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းသည် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရကြောင်း စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် မြေယာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံရှိ ဒေသအချို့တွင် သီးနှံမျိုးစေ့များ ရရှိမှုနည်းပါးခြင်းနှင့် စိုက်ခင်းများအား ကျိုင်းကောင်များ ဖျက်ဆီးမှုကြောင့်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန ခေတ္တအမှုဆောင်ညွှန်ကြားရေးမှူး တူဖီလက်ငါတူလာက ပြောကြားသည်။ ယမန်နှစ်အတွင်း နိုင်ငံတောင်ပိုင်းရှိ ဒေသအချို့တွင် သတ်မှတ်ထားသည့်အချိန်ထက် မိုးစောစီးစွာ ရွာသွန်းခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားရေရိက္ခာဖူလုံရေးဆိုင်ရာ သုံးသပ်ချက်မှတ်တမ်းတစ်ရပ်အရ သိရသည်။

နိုင်ငံအတွင်းရှိ သီးနှံစိုက်ပျိုးသည့်ဒေသများမှ တောင်းခံခဲ့သည့် သီးနှံမျိုးစေ့အရေအတွက်ထက် လျော့နည်းသည့်ပမာဏကိုသာ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း တူဖီလက်ငါတူလာက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဇမ်ဗီဇီဒေသတွင် စိုက်ခင်းများအတွင်း ကျိုင်းကောင်များ ဝင်ရောက်ဖျက်ဆီးမှုများရှိကြောင်း သိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနက လက်ရှိအချိန်တွင် သီးနှံခင်းများဆေးဖျန်းခြင်းနှင့် ကျိုင်းကောင်စောင့်ကြည့်ရေးဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများကို စေလွှတ်ခဲ့သည်။ နိုင်ငံလူဦးရေ၏ ငါးပုံတစ်ပုံမှာ ယခုနှစ် မတ်လအထိ စားရေရိက္ခာမလုံလောက်မှုနှင့်ကြုံတွေ့ရနိုင်ကြောင်း မှတ်တမ်းတစ်ရပ်အရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# တူကီယဲနိုင်ငံ၌ အိုင်အက်စ်အဖွဲ့အား ထောက်ခံဝါဒဖြန့်မှုဖြင့် ဒေသခံ ၁၃ ဦး ဖမ်းဆီး

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၇

တူကီယဲနိုင်ငံတွင် လူမှုမီဒီယာမှတစ်ဆင့် အိုင်အက်စ်အဖွဲ့အားထောက်ခံဝါဒဖြန့်မှုနှင့် ၎င်းအဖွဲ့ဝင်များအား ငွေကြေးထောက်ပံ့မှုဖြင့် ဒေသခံ ၁၃ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



**ငွေလွှဲပြောင်းပေး**

အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့ဝင်များ၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်ခဲ့ရာမှ ယခုကဲ့သို့ ဖမ်းဆီးမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စတန်ဘူလ် တရားရေးဌာနရုံးမှ ထုတ်ပြန်ခဲ့သည်။ မြို့တော် အစ္စတန်ဘူလ်နှင့် နိုင်ငံတောင်ပိုင်း အက်ဒါနာပြည်နယ်ရှိ နေရာအများအပြားတွင် စစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တရားခံများသည် အိုင်အက်စ်အဖွဲ့ဝင်များနှင့် မိသားစုများအတွက် ဘဏ်စာရင်းတစ်ခုသို့ ငွေလွှဲပြောင်းပေးခဲ့ကြောင်းနှင့် ၎င်းငွေများကို အီရတ်နှင့် ဆီးရီးယားရှိ ဖမ်းဆီးထားသည့် အိုင်အက်စ်အဖွဲ့ဝင်များထံ ပေးပို့ခဲ့သည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

ပြည်ပတွင် ရောက်ရှိနေသည့် အိုင်အက်စ်အဖွဲ့ဝင် နှစ်ဦးအတွက်လည်း ဖမ်းဝရမ်းများ ထုတ်ပြန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တူကီယဲနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်းမှစတင်၍ အိုင်အက်စ်နှိမ်နင်းရေးစစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အီရန်နှင့်အမေရိကန်ကြား ဒုတိယအကြိမ် နျူကလီးယားအရေးဆွေးနွေးပွဲ ကျင်းပ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၇

အီရန်နှင့်အမေရိကန်ကြား ဒုတိယအကြိမ် နျူကလီးယားအရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ကြောင်း အီရန်နိုင်ငံ ဖားစ်သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

၎င်းဆွေးနွေးပွဲကို ဂျီနီဗာရှိ အိုမန်သံရုံးတွင်ကျင်းပခဲ့ပြီး အိုမန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာယိဗာဗင်ဟာမက်ဗင်ဟာမွတ်အယ်ဗူစိုင်ဒီက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ခဲ့သည်။ အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား အမေရိကန်သမ္မတ၏ အထူးကိုယ်စားလှယ် စတိဗ် ဝက်ကော့ဒ်နှင့် သမ္မတထရမ့်၏ သားမက် ဂျာရက်ကူရှနာတို့က ဦးဆောင်ခဲ့ပြီး အီရန်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီက ဦးဆောင်ခဲ့ကြောင်း သိရသည်။ အီရန် နျူကလီးယားအရေးနှင့် အမေရိကန်က အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းရေးတို့ကို တာဝန်ရှိသူများကြားဆွေးနွေးခဲ့သည်။ အမေရိကန်က အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပါက အပြန်အလှန်အနေဖြင့် အီရန်ဘက်မှ ယူရေနီယံသတ္တုများကို ပြင်းအားလျှော့ချပေးမည်ဟု အီရန်တာဝန်ရှိသူများက အဆိုပြုခဲ့သည်။

ယခုဆွေးနွေးပွဲသည် အီရန်နှင့်အမေရိကန်ကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်ဆွေးနွေးပွဲကို အိုမန်နိုင်ငံမြို့တော် မူစကက်တွင် ဖေဖော်ဝါရီ ၆ ရက်က စတင်ကျင်းပခဲ့ပြီး တာထွက်ကောင်းခဲ့သည်ဟု နှစ်ဖက်စလုံးက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဥတ္တရသီရိ ဖေဖော်ဝါရီ ၁၇

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ဇေယျဌာနီလမ်းမကြီးဘေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့က ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများက မြို့သန့်ရှင်းသာယာလှပစေရေးအတွက် သစ်ပင်၊ ချုံနွယ်၊ မြက်ပင်အမှိုက်များကို ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဇလောင်းကျေးရွာ တောင်သူ ဦးသောင်းလှိုင်၏ လယ်မြေသုံးဧကတွင် နှမ်းစပါးထိုင်းနံ့ကောက်မျိုး စိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးထွန်းဝေ၏ လယ်မြေ ၁၂ ဧကတွင် မိုးစပါးပေါ်ဆန်းစပါးမျိုးအား ရိတ်သိမ်းပြီး စပါးလမိုင်း ပြန်လည်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မောင်ရမ်းကျေးရွာ ကွင်းအမှတ်(၁၈၈၅)တွင် ဖောင်းလောင်ဆည်မှ နွေစပါးစိုက်ပျိုးရန် ဆည်ရေစတင်ပေးဝေနေမှုနှင့် စိုက်ပျိုးမြေများပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား တစ်နှစ်သုံးသီး ရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပလပ်မြေမရှိအောင် စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ကြိုက်နှစ်သက်ရာ မျိုးကောင်းများကို ရွေးချယ်ကာ တစ်ချိန်တည်းစိုက်ပျိုးပြီး ရိတ်သိမ်းချိန် ဟန်ချက်ညီအောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်နိုင်ရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေမျာကို အကျိုးရှိရှိအသုံးပြုရေးနှင့် တာဝန်ရှိသူအနေဖြင့် တောင်သူနည်းပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)





# မြစ်သားမြို့နယ်၌ စိုက်ပျိုးထားသောဆီထွက်သီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများ စိုက်ပျိုးထားသောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

မြစ်သားမြို့နယ် အတွင်း စားသုံးဆီဖူလုံပိုလျှံရေး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ အခြားသီးနှံ စိုက်ပျိုးခြင်းထက် နေကြာသီးနှံသည်ဂရုတစိုက် ဆောင်ရွက်ရခြင်းမျိုးမရှိဘဲ ထွန်ယက်စိုက်ပျိုးရပြီး လူနှင့်လုပ်အားခ၊ အရင်းအနှီးများစွာမကုန်ကျ၍ ဈေးကောင်းရလျှင် ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်ခြင်းကြောင့် ဆီထွက်သီးနှံ နေကြာကို စိုက်ပျိုးရခြင်းဖြစ်သည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အထွက်နှုန်းများ တိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဒေသနဲ့ ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်၊ နေကြာမျိုးစေ့နှင့် တောင်သူနည်းပညာပေးခြင်း လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နေကြာတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ်ရှစ်သိန်းကျပ်ခန့် ကုန်ကျကာ တစ်ဧကအထွက်နှုန်းမှာ ၂၅ တင်းမှ တင်း ၃၀ အထိထွက်ရှိပြီး တစ်တင်းကြိတ်ခွဲလျှင် ဆီ သုံးပိဿာခွဲမှလေးပိဿာအထိထွက်ရှိကြောင်း၊ တစ်တင်းဈေးနှုန်းမှာ ကျပ် ၇၀၀၀၀ ရောင်းချရသောကြောင့် နေကြာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှသိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်၌ နွေစပါး ၂၄၄၇ ဧက လျာထားစိုက်ပျိုးမည်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ် ၂၀၁၅-၂၀၁၆ ခုနှစ် နွေသီးနှံစုံ လျာထားစိုက်ပျိုးရာ၌ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအောက်ရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နွေစပါး ၂၄၄၇ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်သည်။



ထိုသို့ လျာထားစိုက်ပျိုးရာတွင် တောင်နောက် ကျေးရွာအုပ်စု၌ ဧက ၁၄၀၊ သင်တောင်းကျေးရွာအုပ်စု၌ ၄၃၇ ဧက၊ အင်တိုင်းကျေးရွာအုပ်စု၌ ၃၇၈ ဧက၊ ကြက်မင်းတွန် ရပ်ကွက်/ကျေးရွာအုပ်စု၌ ၁၀ ဧက၊ ဖောင်ရွာရပ်ကွက်/ကျေးရွာအုပ်စု၌ တစ်ဧက၊ ပတ္တာကျေးရွာအုပ်စု၌ ၆၅၁ ဧက၊ ပင်တလည်ကျေးရွာအုပ်စု၌ ၅၇၃ ဧက၊ ပြည်ပန်းကျေးရွာအုပ်စု၌ ၁၈၅ ဧက၊ မြင်းကဘက်ကျေးရွာအုပ်စု၌ဧက ၄၀၊ မုန့်ပေါင်းကျေးရွာအုပ်စု၌ ဧက ၂၀ လက်ပံဇင်ကျေးရွာအုပ်စု၌ ၁၂ ဧက စုစုပေါင်း ၂၄၄၇ ဧက စိုက်ပျိုးရန် လျာထားသည်။

လျာထား နွေစပါးသီးနှံများ ပြည့်ဝကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စပါးပျိုးထောင်ရေများကို ရေပေးဝေရေး မြောင်းများအလိုက် အလှည့်ကျ စတင်ပေးဝေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင် ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု။

**❂ မယ်စဲ့မှ**

ဖြစ်စဉ်မှာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့အား လိုက်လံချေမှုန်းခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့၏ အနောက်ဘက် မိုင် ၃၂၀ ခန့်အကွာ ဖားဆောင်း-မယ်စဲ့-ဘီပီ(၁၃) သွားကားလမ်း မိုင်တိုင်အမှတ် (၀/၃) နှင့် (၀/၄) ကြားရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် အရှည် ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ၊ သံကူကွန်ကရစ် အမျိုးအစား သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါ တံတား၏ အနောက်ဘက်ကမ်းကပ်ခုံမှ အရှည်ပေ ၂၅၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိက သွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)အား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရပြီး တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု။

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ရုံးပိတ်ရက်တွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

မော်လမြိုင် ဖေဖော်ဝါရီ ၁၇

ရုံးပိတ်ရက်ရှည် အလုပ်ပိတ်ရက် များဖြစ်သည်နှင့်အညီ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်ကြည်ညိုသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မော်လမြိုင်မြို့ပေါ်ရှိ ကျိုက်သလ္လံ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ မဟာမြတ်မုနိဘုရား၊ ဦးဇိနဘုရား၊ ဦးခန္တီဘုရား၊ နဂါးမောက်စေတီတော်နှင့် အခြားဘုရား စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများက ပန်း၊ ဆီမီးများ ပူဇော်ခြင်း၊ ဘုရားဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။

မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး တောင်ရိုးတန်းလမ်းတစ်လျှောက် ဘုရား၊ စေတီပုထိုးတို့၌လည်း ရုံးပိတ်ရက်ရှည်ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

အလားတူ ညပိုင်းတွင်လည်း လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိပြီး ပြည်သူများလာရောက် အနားယူအပန်းဖြေလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



## ပိတ်ရက်ရှည်ခရီးသွားကာလ ရွှေစည်းခုံစေတီသို့ ခရီးသွား ၉၀၀၀၀ ကျော်နှင့် ထီးလိုမင်းလိုဘုရားသို့ ခရီးသွား ၆၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရုံးပိတ်ရက်ရှည် ကာလဖြစ်သည့် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၇ ရက်အတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ အထင်ကရ ဘုရား၊ စေတီ ပုထိုး ၁၈ နေရာသို့ ပြည်တွင်း/ပြည်ပ ခရီးသွားများ ဝင်ရောက်ရာ၌ ရွှေစည်းခုံစေတီတော်မြတ်သို့ ခရီးသွား ၉၀၀၀၀ ကျော်နှင့် ထီးလိုမင်းလိုဘုရားသို့ ခရီးသွား ၆၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့သည်။



ပိတ်ရက်ရှည် ခရီးသွားကာလအတွင်း ရွှေစည်းခုံစေတီတော်သို့ ပြည်တွင်း/ပြည်ပ ခရီးသွား ၉၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ရာ အထူးသဖြင့် ပြည်ပခရီးသွားများ ဖြစ်သည့် တရုတ်၊ ဂျပန်၊ ရုရှား၊ ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်း၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ စပိန်၊ ဂျာမနီ၊ ပိုလန်၊ အီတလီနှင့် ဘရာဇီးနိုင်ငံတို့မှ အများဆုံး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ခရီးသွား မပြတ်တဲ့အတွက် ဒေသခံတွေ အရောင်းအဝယ် အဆင်ပြေကြတဲ့အပြင် ဒေသခံတိုးဂိုက်တွေလည်း အဆင်ပြေကြတယ်။ ဒီရက်ပိုင်း ခရီးသွားက အားရကျေနပ်စရာပါ။ ဘုရားဖူးမပြတ်တဲ့အတွက် ထီးလိုမင်းလိုဘုရားကို ဘုရားဖူး ၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပါတယ်။ ရှေ့ဆက်ပြီး နိုင်ငံ တည်ငြိမ်အေးချမ်းမှုနဲ့အတူ ခရီးသွားတွေ ဒီထက်မက ဝင်လာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

မြန်မာ့ ခရီးသွားရာသီသည် မကြာမီ ဧပြီလ (သင်္ကြန်ကာလ)၌ ပြီးဆုံးတော့မည်ဖြစ်ပြီး မတ်လတွင် ပုဂံသို့ ခရီးသွားဝင်ရောက်မှု လျော့နည်းနိုင်သော်လည်း ဧပြီလ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလ၌ ပြည်တွင်း/ပြည်ပခရီးသွားများဖြင့် ပုဂံယဉ်ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် ယခုကဲ့သို့ အထူးစည်ကားနေမည်ဖြစ်ကြောင်း သိရသည်။

**ဥသသ**

## ခရမ်းမြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာအသိပညာပေးဟောပြော

ခရမ်း ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာ၊ မက္ကသန်ကျေးရွာနှင့် ကမာကလူကျေးရွာတို့၌ ယနေ့နံနက်ပိုင်းက ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ စုစုလှဝင်းက ဇီဝလုံခြုံမှုနှင့် လုပ်ဆောင်ရမည့် အချက်အလက်များ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လုပ်ငန်းများ ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံ၌ ရှုရှားနေကြာ သုံးမျိုးစပ် ၁၅ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်အသုံးပြုရေး၊ သီးနှံများရာသီပြည့် စိုက်ပျိုးရေး မှာကြားသည်။

ထို့နောက် လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ကြောင်ရေကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

**ပေးအပ်**

ယင်းနောက် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ(KC)၌ နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအတွက် ယူရီးယား ဓာတ်မြေဩဇာများ ပေးအပ်သည်။

ဆက်လက်၍ လျှော်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ နေပြည်တော်မြို့ပတ်လမ်း(V4) ကွန်ကရစ်လမ်းကျိုးကျပျက်စီးမှုအား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသောပစ္စည်းများ အသုံးပြုရေး၊ လျှော်ဒဏ်အပြင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာရှိ တောင်သူများ၏ လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများဖြင့် မြေပြုပြင်နေမှုနှင့် သဘာဝမြေဩဇာပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက်ရှိ တောင်သူ ဒေါ်နော်ဆဲလား စိုက်ပျိုးထားသည့် အောင်နိုင်တိုး စပါးမျိုး တစ်ဧကအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောနှော သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲသို့တက်ရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်၍ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ တောင်သူ ဒေါ်ရီရီသိန်း စိုက်ပျိုးထားသည့် "အာသန်"မျိုး လက်ဖက်စိုက်ခင်း ရှစ်ဧကၡ လက်ဖက် ခူးစွတ်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများထံ မြက်ရိတ်စက်များ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဟုမ္မလင်းမြို့နယ် နောင်မခံကျေးရွာရှိ ဒေသခံတောင်သူများ စားရေရိက္ခာ ဖူလုံစေရေးအတွက် လယ်ယာမြေ ဧက ၃၀၀ အား စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့် အလျားပေ ၄၅၀၊ အမြင့် ၁၀ ပေ၊ ရေထိပ်ပြင် အကျယ် ၁၂ ပေ မြေသားကန်ပေါင် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိ စိုက်ပျိုးရေး ကုန်ထုတ်လမ်း အရှည် ၁ မိုင် ၂ ဖာလုံကျောက်ရောမြေသားလမ်း ခင်းကျင်းပြီးစီးမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ညောင်ဦးမြို့နယ်၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေသယ်ယာဉ်ဖြင့် နေ့စဉ်ရေလှူဒါန်းပေး

ညောင်ဦး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သောဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာရှိ သောက်သုံးရေ လိုအပ်နေသော ဒေသခံပြည်သူများအား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

**လှူဒါန်း**

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သောဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား အသင်းသူများက ရွှေလှိုင်းကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀ အား ပွင့်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

အလားတူ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ လှူဒါန်းပေးခြင်းကို ယမန်နေ့ကလည်း ညောင်ဦးမြို့နယ် ထနောင်းစုကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများအား ရေဂါလန် ၃၂၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း၊ အဆိုပါသောက်သုံးရေများ နေ့စဉ် လှူဒါန်းနိုင်ရန်အတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များက သောက်သုံးရေအလှူငွေများ ပါဝင်ကူညီ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



# ညောင်ရွှေမြို့နယ်ရှိ စီမံကိန်းသီးနှံနွေစပါးစိုက် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုမြေဩဇာများပံ့ပိုး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် သမဝါယမဦးစီးဌာနသည် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများဖြစ်ကြသည့် စီမံကိန်းသီးနှံ နွေစပါး စိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျော့မောင်ငယ်ကျေးရွာ မနေသုခစိုက်ပျိုးထုတ်လုပ်ရေး၊ သလဲဦးကျေးရွာ ရောင်နီဦးလယ်ထွေနှင့် လွယ်မောကျေးရွာ ရွှေမင်းသားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများ၏ နွေစပါး သီးနှံစီမံကိန်း အထောက်အကူဖြစ်စေရန်နှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုနှင့် ဆုလာဘ်ကုမ္ပဏီက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး Leo မြေဩဇာ၊ Thai Power မြေဩဇာနှင့် ဆုလာဘ်မြေဩဇာ စုစုပေါင်း ၇၅၇ အိတ်ကို အသင်းသားများလက်ဝယ်အရောက် ပံ့ပိုးပေးခဲ့သည်။



ညောင်ရွှေမြို့နယ် အတွင်း သမဝါယမအသင်းများက နွေစပါး စိုက်ဧက ၁၆၀၀ လျာထား စိုက်ပျိုးလျက်ရှိပြီး အသင်းသားများ၏ စိုက်ပျိုးထားရှိမှုအပေါ် နည်းပညာနှင့် သွင်းအားစုလိုအပ်ချက်များကို ဆက်လက်ပံ့ပိုး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

# ဆိပ်ဖြူမြို့နယ်၌ ရေသွင်းငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိ

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ရေသွင်းငရုတ်စိုက်ခင်းများကို ကိုင်းမြေနှင့်ကုန်းမြေတို့တွင် စိုက်ပျိုးဆောင်ရွက်ကြပြီး အောင်မြင်ဖြစ်ထွန်း၍ ဈေးရရှိကြောင်းသိရသည်။

**ထည့်သွင်းဆောင်ရွက်**

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စားဖိုဆောင်သီးနှံငရုတ်ကို ၃၃၂ ဧက စိုက်ပျိုးဆောင်ရွက်ခဲ့ပြီး ငရုတ်စိုက်ပျိုးမှုအနေဖြင့် ထိုင်ဝမ်မျိုးစေ့များကို ဝယ်ယူပျိုးထောင်ခြင်း၊ စိုက်ပျိုးမြေပြင်ဆင်ဆောင်ရွက်ခြင်းနှင့် သွင်းအားစုမြေဩဇာများ ထည့်သွင်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြသည်။ ငရုတ်စိုက်တောင်သူများအနေဖြင့် တစ်လလျှင် လေးကြိမ် လုပ်သားများဖြင့် ငရုတ်သီးမှည့်များ ခူးဆွတ်ရကြောင်း၊ ငရုတ်သီးကို ရာသီကုန်အထိ တစ်ဧကလျှင် ပိဿာ ၆၀၀၀ အထိ ထွက်ရှိရန် မျှော်မှန်းထားရှိပြီး လိုအပ်သည့် သွင်းအားစု၊ စိုက်ပျိုးရေးနှင့် မြေဩဇာများကို ထည့်သွင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကော့မှူးမြို့နယ်၌ ပြည်သူများအား စားအုန်းဆီရောင်းချပေးနေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှု လိုက်လံစစ်ဆေး

ကော့မှူး ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မြို့နယ်စားအုန်းဆီကြီးကြပ်ရေးအဖွဲ့မှ စားအုန်းဆီအရောင်းဆိုင်များက ပြည်သူများသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိ/မရှိကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက လိုက်လံစစ်ဆေးဆောင်ရွက်သည်။

**ကွင်းဆင်းကြည့်ရှု**

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်း ဦးဆောင်၍ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များက ကော့မှူးမြို့နယ်အတွင်းရှိ ပုပ္ပါးကျေးရွာနှင့် အောက်ကျောင်းကျေးရွာတို့ရှိ စားအုန်းဆီအရောင်းဆိုင်များကို ပြည်သူများအား စားအုန်းဆီ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချရေး၊ ဈေးကစားလိုသည့် ရည်ရွယ်ချက်ဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချရန် စားအုန်းဆီများအား သိုလှောင်ခြင်းမပြုလုပ်ကြရန် ပြောကြားပြီး ကျိုက်ထော်(တောင်)ကျေးရွာအတွင်း နွေစပါးစိုက်ပျိုးထားမှုအခြေအနေများ၊ အောက်ကျောင်းကျေးရွာအတွင်း ဆိုလာမြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၂၀၀ စိုက်ပျိုးနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့ မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ်(သို့မဟုတ်)ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဘုတ်ပြင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၇

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဘုတ်ပြင်းလေဆိပ် အဆောက်အအုံ အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်(၂) ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် သဘာဝ စိမ့်စမ်းရေသွယ်တန်း၍ မြို့ရေပေး ဝေရေး လုပ်ငန်းများဖြစ်သည့် ရေသန့်စင်စနစ်အတွင်း ပိုက်လိုင်း သွယ်တန်းခြင်း၊ ရေကြည်စုကန်၊ သဲစုကန်၊ ရေစစ်ကန်၊ ရေစုကန်၊ ရေသန့်စင်စက်ရုံ အဆောက်အအုံနှင့် ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ် အရည်အသွေးစံနှုန်းနှင့် အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရွှေဘုံသာရပ်ကွက်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် Lot-7 ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ လေးထပ် အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာရှိ သီရိမင်္ဂလာ တပ်ဦးကျောင်းနှင့် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဓမ္မဝိဇယ ပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းပြီး အောင်မင်္ဂလာရပ်ကွက် ခရိုင်တရားရုံးမြေနေရာ ၂ ဒသမ ၆ ဧက မြေဖို့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ ကုန်တင်ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

တောင်ကြီး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ လေးမိုင်ကွေ့ - နောင်တလီ - ညိုမီး- နောင်ပနားဗွာ-လင်းကွင်း - ထီရီ (မွေးမြူရေးဇုန်လမ်း)ပေါ်တွင် သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများရပ်နားနိုင်ရန် နောင်လေကျေးရွာအုပ်စု ပင်ငိုကျေးရွာအနီး ကုန်တင်ယာဉ် ရပ်နားစခန်းစီမံကိန်း ဆောင်ရွက်မည့်မြေနေရာကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ တောင်ကြီးမြို့ မြို့ရှောင်လမ်းဘေးရှိ မြေဧရိယာ ၁၉ ဒသမ ၈ ဧက ပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း EOI ဆောင်ရွက်မှုနှင့် Site Layout Plan တို့နှင့်စပ်လျဉ်း၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်တင်ယာဉ်ရပ်နားစခန်း ဆောင်ရွက်မည့်နေရာတွင် ကားပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသေးစားကားပြင်ဆင်မှု ဆောင်ရွက်နိုင်ရန် မြေနေရာလျာထားဆောင်ရွက်ရေး၊ EOI ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းများကို အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ရေးတို့အပါအဝင် လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ကားလေးကွင်းဆောင်ရွက်မည့် မြေနေရာ၊ မြို့ရှောင်လမ်း လေးမိုင်ကွေ့- နောင်တလီ - ညိုမီး - နောင်ပနားဗွာ - လင်းကွင်း - ထီရီ (မွေးမြူရေးဇုန်လမ်း)ရှိ ဝါးရုံပင်အနီး အတက်နေရာ လမ်းပြုပြင်ရန် လိုအပ်မှုနှင့် (S)ကွေ့ပြုပြင်ဆောင်ရွက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းရေရှည်အသုံးပြုနိုင်ရန် အရည်အသွေးပြည့်ဝ ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် လမ်းအကွေ့ကြီးသည့်နေရာများတွင် အန္တရာယ်ကွေ့ဆိုင်းဘုတ်များဆောင်ရွက်ရန် မှာကြားပြီး တောင်ကြီးအတက်လမ်း ရေတံခွန်ကျသည့်နေရာတွင် ကားလမ်းဘေး မြေထိန်းနံရံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)






# အင်းတော်ကြီးကန်၊ အင်းလေးနှင့် မိုးယွန်းကြီးအင်းသို့ ကမ္ဘာ့ငှက်ပျံသန်းရာလမ်းကြောင်းကြီးနှစ်ခုမှ ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စား

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် နိုင်ငံ၏ ဂေဟစနစ်ထိန်းသိမ်းကာကွယ်မှုကို အကျိုးပြုလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများသို့ နှစ်စဉ်ကမ္ဘာ့ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလျက်ရှိရာ အင်းတော်ကြီးကန်၊ အင်းလေးကန်နှင့် မိုးယွန်းကြီးအင်းသို့ အာရှဗဟိုလမ်းကြောင်းနှင့် အရှေ့အာရှသြစတြေးလျလမ်းကြောင်းကြီးနှစ်ခုမှ ဆောင်းခိုငှက်များ နှစ်စဉ်ဝင်ရောက်ကျက်စားနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရမ်ဆာရေဝပ်ဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ ငှက်ပျံသန်းရာလမ်းကြောင်းကြီးနှစ်ခုမှ ဝင်ရောက်နားခိုလျက်ရှိကာ အင်းလေးကန်ဘေးမဲ့တောသို့ အာရှဗဟိုပျံသန်းလမ်းကြောင်းဖြစ်သည့် ယခုရက်ပိုင်းအတွင်း ရေခဲများ ပိုမိုဖုံးလွှမ်းနေသည့် ဆိုက်ဘေးရီးယားဒေသမှလည်းကောင်း၊ အင်းတော်ကြီးကန်သို့ တရုတ်နှင့် ရုရှားနိုင်ငံများမှလည်းကောင်း ဆောင်းခိုငှက်များ ဝင်ရောက်နားခိုလျက်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ ငှက်ပျံသန်းရာလမ်းကြောင်းကြီး ကိုးကြောင်းဖြစ်သော အရှေ့အတ္တလန္တိတ်ပျံသန်းလမ်းကြောင်း၊ ပင်လယ်နက်/မြေထဲပင်လယ် ပျံသန်းလမ်းကြောင်း၊ အနောက်အာရှအရှေ့အာဖရိက ပျံသန်းလမ်းကြောင်း၊ အရှေ့အာရှသြစတြေးလျပျံသန်းလမ်းကြောင်း၊ မစ္စစ္စပီအမေရိက ပျံသန်းလမ်းကြောင်း၊ အတ္တလန္တိတ်အမေရိက ပျံသန်းလမ်းကြောင်း၊ အာရှဗဟို ပျံသန်းလမ်းကြောင်း၊ အနောက်ပစိဖိတ်ပျံသန်းလမ်းကြောင်းနှင့် ပစိဖိတ်အမေရိက ပျံသန်းလမ်းကြောင်းတို့မှ အစာရေစာကြွယ်ဝသောဒေသများသို့ နှစ်စဉ်ဆောင်းခိုငှက်များ ပျံသန်းဝင်ရောက်ခြင်းဖြစ်သည်။



အင်းလေကန်ဘေးမဲ့တော၌ ဘဲဟသာ်နှင့် ခရုစုပ်ငှက်များ နားခိုကျက်စားနေမှုကို တွေ့ရစဉ်။

အဆိုပါ ငှက်ပျံသန်းရာလမ်းကြောင်းကြီးကိုးခုတွင် အာရှဗဟိုပျံသန်းရာလမ်းကြောင်းသည် အတိုဆုံး လမ်းကြောင်းဖြစ်ပြီး ဆိုက်ဘေးရီးယားမှ အာရှတောင်ဘက်နှင့် အရှေ့တောင်ဘက်သို့ ပျံသန်းကြလေ့ရှိကာ နိုင်ငံပေါင်း ၃၀ ကျော်၏ ကောင်းကင်ယံမှ ငှက်မျိုးစိတ်ပေါင်း ၃၀၇ မျိုး ဖြတ်သန်းပျံသန်းခြင်းဖြစ်သည်။

အရှေ့အာရှသြစတြေးလျပျံသန်းရာလမ်းကြောင်းသည် ရုရှားအရှေ့ပိုင်းနှင့် အလက်စကားမှ အရှေ့အာရှ၊ အရှေ့တောင်အာရှတို့ကို ဖြတ်သန်း၍ သြစတြေးလျ၊ နယူးဇီလန်အထိ နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နှစ်စဉ် ငှက်ကောင်ရေ သန်း ၅၀ ကျော် ပျံသန်းလျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ ငှက်မျိုးစိတ်ပေါင်း ၄၉၂ မျိုးနှင့် မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ် ၂၈ မျိုးတို့သည် နိုင်ငံတကာတွင်ရှိသော ရေဝပ်ဒေသနေရာ ၉၀၀ နေရာသို့ နှစ်စဉ် ပြောင်းရွှေ့ပျံသန်းလေ့ရှိရာ မြန်မာနိုင်ငံရှိ အင်း၊ အိုင်၊ ကန်များနှင့် သဘာဝဘေးမဲ့တောများသို့လည်း ဝင်ရောက်နားခိုလျက်ရှိသည်။



မိုးယွန်းကြီးအင်း၌ ဆောင်းခိုခရုစုပ်ငှက်များကို တွေ့ရစဉ်။

ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်ပေါင်း ၁၀၄၇၃ မျိုးရှိပြီး မြန်မာနိုင်ငံတွင် ၁၁၃၆ မျိုး၊ ထိုင်းနိုင်ငံတွင် ၉၈၂ မျိုး၊ မလေးရှား၌ ၇၈၁ မျိုး၊ စင်ကာပူ၌ ၃၇၅ မျိုး၊ လာအို၌ ၇၁၀ မျိုး၊ နီပေါ၌ မျိုးစိတ် ၉၀၀၊ ဖိလစ်ပိုင်၌ ၆၅၇ မျိုး၊ ဗီယက်နမ်၌ ၈၄၈ မျိုး၊ ကမ္ဘောဒီးယား၌ ၅၅၃ မျိုးတို့ ရှင်သန်ကျက်စားလျက်ရှိကာ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဂေဟစနစ်ကြွယ်ဝမှုကြောင့် ငှက်မျိုးစိတ်များပေါများမှုဖြင့် ရေပျော်ငှက်နှင့် ကုန်းနေငှက်အများဆုံးတွေ့ရှိရသော နိုင်ငံအဖြစ် ဂုဏ်တင့်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသများနှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများသို့နှစ်စဉ်ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားနားခိုခြင်းသည် ဘေးမဲ့တောတို့၏ ဂေဟစနစ်ကောင်းမွန်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုကို ပြသနေခြင်းဖြစ်ပြီး အဆိုပါဒေသတို့၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ပြင်ပမှဝင်ရောက်လာသော ပိုးမွှားမျိုးစိတ်များကို နှိမ်နင်းပေးခြင်း၊ သီးနှံများတွင်ကျရောက်လေ့ရှိသည့် ပိုးမွှားများကို ရှင်းလင်းပေးခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အကျိုးပြုခြင်းနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းစေခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**ဥသသ**

## လေဖိအားနည်းရပ်ဝန်း အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီ ၁၈ ရက်၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၈-၂-၂၀၂၆ ရက်မှ ၂၇-၃-၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာအောင်မြင်ပြီးသူ သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်း)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်းမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ပျော်စရာကောင်းတဲ့ ဘုရားပွဲဈေး

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

**ဘုရားပွဲရဲ့အငွေ့အသက်**

မြန်မာနိုင်ငံဆိုတာ ဘုရားတွေ၊ စေတီတွေ အလွန်များတယ် မဟုတ်လားခင်ဗျာ။ ရွာတိုင်း၊ မြို့တိုင်းမှာ ကိုးကွယ်ဖို့ ဘုရားကျောင်းကန်တွေ ရှိတယ်။ အဲဒီဘုရားတွေမှာ တစ်နှစ်တစ်ခါ ဘုရားပွဲတော်ကြီးတွေ လုပ်လေ့ရှိတာပေါ့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် ဘုရားပွဲဆိုတာ ကုသိုလ်လည်းရတယ်၊ ပျော်စရာလည်း အကောင်းဆုံးအချိန်ပါပဲခင်ဗျာ။

ဘုရားပွဲတော်လုပ်တော့မယ်ဆိုရင် စုပေါင်းပြီး ဘုရားကို သန့်ရှင်းရေးလုပ်ကြ၊ ဆွမ်းတော်တွေ လှလှပပပြင်ဆင်ပြီး ကပ်လှူကြတာ။ ညဘက်ရောက်ပြီဆိုရင် ဆီမီးတွေ ထွန်းညှိပူဇော်ပြီး ပျော်ပွဲရွှင်ပွဲတွေ စပြီပေါ့။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲတွေနဲ့ ပွဲခင်းကြီးက တခြိမ့်ခြိမ့်နဲ့စည်ကားနေရော။ အဲဒီအသံတွေ ကြားလိုက်ရရင်ပဲ ရင်ထဲမှာ ပျော်နေပြီ။

**ဘုရားပွဲဈေးမှာ ဘာတွေရှိလဲ**

ဘုရားပွဲမှာ ပွဲဈေးတန်းကြီးက မပါမဖြစ်နော်။ ပွဲဈေးတန်းဆိုတာ အစားအသောက်ဆိုင်တွေ၊ ကစားစရာအရုပ်တွေရောင်းတဲ့ဆိုင်တွေ၊ ပြီးတော့ ကလေးတွေ အသည်းစွဲဖြစ်တဲ့ ချားရဟတ်ကြီးတွေ၊ အပျော်စီးလှေတွေ စုံစုံလင်လင်ရှိတဲ့နေရာကြီးပေါ့။ ဘုရားပွဲကြီးလေလေ၊ ဈေးတန်းကလည်း ကြီးလေလေပဲ။

လမ်းမတစ်လျှောက်လုံး ဘေးဝဲယာမှာ လူသုံးပစ္စည်းဆိုင်တွေ၊ ဖန်စီပစ္စည်းဆိုင်လှလှလေးတွေ၊ ပြီးတော့ အကြော်အလှော်နံ့သင်းသင်းလေးတွေနဲ့ စားသောက်ဆိုင်တွေ အများကြီးပဲ။ အပျော်တမ်းမြားပစ်၊ မြားစိုက် ဂိမ်းဆိုင်တွေလည်းပါသေးတာ။ အဲဒါတွေက ကလေးတွေအတွက်တော့ အလွန်ကို စိတ်ဝင်စားစရာကောင်းတာပေါ့။

**ကလေးတွေရဲ့ပျော်ရွှင်မှု**

ပွဲဈေးတိုင်းမှာ လူကြီးတွေ၊ လူငယ်တွေအပြင် ကလေးသူငယ်လေးတွေကလည်း အသက်အရွယ်စုံ ပျော်နေကြတာ။ ချားရဟတ်ကြီးပေါ် တက်စီးရတဲ့အခါ ဝူးဝူးဝါးဝါးအော်ဟစ်လိုက်ရတဲ့ ခံစားမှုက ပွဲဈေးရဲ့အရသာပဲ။ အပျော်စီးလှေပေါ်မှာ လေအေးအေးလေးခံရင်း ပတ်ကြည့်ရတာလည်း အလွန်ပျော်စရာကောင်းတယ်။

ပွဲဈေးလျှောက်ရင်း မြန်မာမုန့်မျိုးစုံကို မြည်းစမ်းလို့ရတယ်။ ပြီးတော့ပွဲဈေးရဲ့ အသည်းကျော်ဖြစ်တဲ့ ဘူးသီးကြော်ကို ဆလတ်ရွက်နဲ့တို့စားရတာက လူတိုင်းနီးပါးမစားမဖြစ်ပဲ။ ပွဲဈေးတစ်ခုလုံးမှာ လူတွေက သံစုံနေတာ၊ သီချင်းတွေ၊ ဆောင်းဘောက်တွေ အပြိုင်ဖွင့်နေကြတော့ ဆူညံပွက်လောရိုက်နေတယ်။ ဒါပေမဲ့ ဘယ်သူမှ နားငြီးတယ်လို့ မပြောကြဘူး။ လူစုမကွဲအောင် လက်ချင်းချိတ်၊ ပခုံးဖက်ပြီး တိုးဝှေ့သွားလာရတာကိုလည်း ပျော်ရွှင်စွာသည်းခံကြတယ်။ အဲဒါက ဘုရားပွဲရဲ့ အငွေ့အသက်ပဲ မဟုတ်လား။

တကယ်တော့ ဘုရားပွဲဆိုတာ ကုသိုလ်ရေး၊ စီးပွားရေးနဲ့ စိတ်အပန်းဖြေပျော်ရွှင်ရတာ အကုန်လုံးပါဝင်နေတဲ့ ပွဲတော်ကြီးတစ်ခုပဲ။ နိုင်ငံခြားက စီးပွားရေးပြပွဲတွေနဲ့ မတူဘဲ မြန်မာ့ဓလေ့အတိုင်း ဘုရားဖူးရင်း၊ ပျော်ပျော်ပါးပါး ကုသိုလ်ယူရင်း စည်ကားနေတဲ့ ရိုးရာတစ်ခုအဖြစ် ရှိနေဆဲပါ။ ဘုရားပွဲဈေးမှာ ပျော်စရာအကောင်းဆုံးကတော့ ရယ်မောပြေးလွှားနေတဲ့ ကလေးငယ်လေးတွေရဲ့ မျက်နှာလေးတွေပါပဲခင်ဗျာ။

**လက်တွေ့ရေးကြစို့**

ဘုရားပွဲဆိုတာ မြန်မာတွေအတွက် ကုသိုလ်လည်းရ၊ ပျော်စရာလည်း အကောင်းဆုံးအချိန်ပဲ။

The Pagoda Festival is the best time for Myanmar people to gain merit and have fun.

ညဘက်ဆိုရင် ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေနဲ့ ပွဲခင်းကြီးက တခြိမ့်ခြိမ့်နဲ့ စည်ကားနေရော။

At night, the festival is very lively with plays and traditional dances.

ဘုရားပွဲမှာ ပွဲဈေးတန်းကြီးက မပါမဖြစ်နော်။

A large fair (pwe–zay) is a must–have at the Pagoda Festival.

ပွဲဈေးတန်းမှာ ချားရဟတ်ကြီးတွေ၊ အပျော်စီးလှေတွေ စုံစုံလင်လင်ရှိတယ်။

The fair has many things like big Ferris wheels and joy–rides.

အစားအသောက်ဆိုင်၊ ဖန်စီဆိုင်၊ ဂိမ်းဆိုင်တွေလည်း အများကြီးပဲ။



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

There are many food shops, fancy goods shops, and game booths.

ကလေးသူငယ်လေးတွေက အသက်အရွယ်စုံ ပျော်နေကြတာ။

Children of all ages are having fun there.

ချားရဟတ်ကြီးပေါ် တက်စီးရတာက ပွဲဈေးရဲ့အရသာပဲ။

Riding the big Ferris wheel is the best part of the fair.

ဘူးသီးကြော်ကို ဆလတ်ရွက်နဲ့ တို့စားရတာက လူတိုင်းနီးပါး မစားမဖြစ်ပဲ။

Almost everyone eats the deep–fried gourd (bu–thi kyaw) with lettuce.

ပွဲဈေးတစ်ခုလုံး လူတွေက ဆူညံပွက်လောရိုက်နေပေမယ့် အားလုံးပျော်ကြတယ်။

The whole fair is very noisy, but everyone is happy.

ဘုရားပွဲဈေးမှာ ပျော်စရာအကောင်းဆုံးကတော့ ရယ်မောပြေးလွှားနေတဲ့ ကလေးငယ်လေးတွေရဲ့ မျက်နှာလေးတွေပါပဲ။

The most joyful thing at the fair is the faces of the laughing and running children.

*Pagoda Festival Fun*

*The Pagoda Festival is the best time for everyone to have fun and do good things.*

*When the sun goes down, the festival gets super exciting with plays and dancing, and of course, a huge fair called a pwe–zay. The fair is full of cool stuff like giant Ferris wheels and other fun rides. There are also many shops with yummy food, toys, and games.*

*Everyone is happy at the fair—especially the children. The Ferris wheel is the most fun ride. Almost everyone eats the crispy fried gourd (bu–thi kyaw) snack. The fair is loud with music and people, but the happiest part is seeing all the kids laughing and running around.*

■

# ဝါကျအဆက်အစပ် အမှားများ

**လှသမိန်**

မြန်မာစာရေးသားရာတွင် ပုဒ်အနေဖြင့်၊ စကားလုံးအနေဖြင့် မှားယွင်းတတ်သည်သာမက ဝါကျစဉ်အနေဖြင့်လည်းကောင်း၊ စာပိုဒ်အနေဖြင့်လည်းကောင်း မှားယွင်းတတ်သော အမှားများလည်း ရှိပေသည်။ ထိုအမှားမျိုးကို ပုံစံရရုံမျှ အောက်တွင်ဖော်ပြလိုက်သည်။

က

**အမှား။** မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ရတနာသုံးပါးဟူသည်မှာ ဘုရား၊ တရားနှင့် သံဃာတို့ ဖြစ်သည်။

**အမှန်။** မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ (ဗုဒ္ဓဘာသာဝင်များသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသည်။) ရတနာသုံးပါးဟူသည်မှာ ဘုရား၊ တရားနှင့် သံဃာတို့ဖြစ်သည်။

**အကြောင်းပြ။** ဝါကျနှစ်ခုသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိဘဲနေသည်။ ထိုဝါကျများကို တစ်သားတည်း ဆက်မိ၍ အကြောင်းအချက်အစဉ်အတိုင်းကျစေရန် အလယ်မှဝါကျတစ်ခုကို ဖြည့်သွင်းပေးထားသည်။

ခ

**အမှား။** ဦးဘသည် ရွာသူကြီးဖြစ်သည်။ မောင်မြသည် ဦးဘ၏ သားသမီးသုံးယောက်တွင် အထွေးဆုံးဖြစ်သည်။ သူသည် ဘုန်းတော်ကြီးကိုပင့်၍ သူ၏ဖခင်အမှာစကားအတိုင်း သားထွေးကို ဆုံးမသွန်သင်၍ ဘုန်းတော်ကြီးအား အပ်နှံသည်။

**အမှန်။** ဦးဘသည် ရွာသူကြီးဖြစ်သည်။(သူ့မှာသားသမီး သုံးယောက်ရှိ၍ အထွေးဆုံးမှာ မောင်မြဖြစ်သည်။) ဦးဘသည် ဘုန်းတော်ကြီးကိုပင့်၍ သူ၏ဖခင်အမှာစကားအတိုင်း သားထွေးကို ဆုံးမသွန်သင်ရန် ဘုန်းတော်ကြီးအား အပ်နှံသည်။

**အကြောင်းပြ။** ပုဂ္ဂိုလ်တစ်ယောက်ကို ဦးတည်၍ရေးရာတွင် ထိုသူအား ပကတိကတ္တားနေရာ၌ ထင်ရှားစွာရေးရသည်။ ဒုတိယဝါကျတွင် ကတ္တားမှာ ဦးဘမဟုတ်ဘဲ မောင်မြဖြစ်နေသဖြင့် တတိယဝါကျတွင် (သူ)မှာ မောင်မြကို ရည်ညွှန်းသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ပုဂ္ဂိုလ်များပြားရှုပ်ထွေးသောအခါ ထင်ရှားစေရန် ကတ္တားကိုပြန်ဖော်၍ ရေးရသည်။ ဝါကျတစ်ခုချင်း မှန်ကန်သော်လည်း ဆက်စပ်ပေါင်းစုသောအခါ ဖရိုဖရဲဖြစ်နေသဖြင့် အဆက်အစပ်မှားနေသည်။

ဂ

**အမှား။** သူသည် အိပ်ရာ၌ထပြီးနောက် မျက်နှာသစ်သည်။ ထို့နောက် ဆေးလိပ်ကိုမီးညှိ၍ ထိုင်သောက်ပြန်သည်။ မီးခြစ်ကို အတော်ကြာအောင် ရှာယူရသည်။ ခဏကြာလျှင် အိမ်ရှေ့တံခါးကိုသွား၍ ဖွင့်ရပြန်သည်၊ အဘယ်ကြောင့်ဆိုသော် ဧည့်သည်ကတံခါးခေါက်သောကြောင့်ဖြစ်သည်။

**အမှန်။** သူသည် အိပ်ရာမှထပြီးနောက် မျက်နှာသစ်သည်။ ထို့နောက် ဆေးလိပ်သောက်ရန်မီးခြစ်ကိုရှာရာ အတော်ကြာအောင် ရှာယူရသည်။ ဆေးလိပ်ကိုမီးညှိ၍ ထိုင်သောက်သည်။ ခဏကြာလျှင် ဧည့်သည်က တံခါးခေါက်သောကြောင့် အိမ်ရှေ့တံခါးကိုသွား၍ ဖွင့်ရပြန်သည်။

**အကြောင်းပြ။** တစ်ခုပြီးတစ်ခု ပြုလုပ်သော အစီအစဉ်များကို ရှေ့နောက် မှန်ကန်ဖြောင့်ဖြူးအောင်ရေးရန် လိုအပ်သည်။ လိုနေမှ နောက်မှလိုက်၍ ဖြည့်ခြင်းသည် စနစ်မမှန်ချေ။ (ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**

# ဝင့်လည်ပြီ

***သိပ္ပံမောင်ဝ***

မောင်လူအေးတို့ ကျောက်ဆည်မှာတုန်းက မောင်လူအေး၏ အစ်မကြီး မခင်မေနှင့် မောင်လူအေး၏ တူကလေးမောင်မြသိန်းတို့ အလည်ရောက်လာကြသည်။ မောင်မြသိန်းကား မောင်လူအေး၏ညီ မောင်လူထွေး၏ သားထွေးကလေးဖြစ်၏။ သူ့မိခင် မအေးသည် သူ့ကို မွေးပြီး ခြောက်လရသောအခါ အနိစ္စရောက်သွားရှာသည်။ သူ၏မိခင် အနိစ္စရောက်သွားကတည်းက မောင်မြသိန်းအား မောင်လူအေးတို့၏ အစ်မကြီး မခင်မေက သားအရင်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ အပျိုကြီးများသည် တူကလေးများအား အသက်ပေး၍ ချစ်ကြသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ မခင်မေနှင့် မောင်မြသိန်းတို့ မောင်လူအေး၏အိမ်သို့ အလည်ရောက်စဉ်က မောင်မြသိန်းမှာ သုံးနှစ်သားခန့်သာ ရှိသေး၏။

အဘိုးအဘွားလက်တွင် ကြီးသောကလေး၊ ကြီးတော်၊ အဒေါ် လက်တွင်ကြီးသော ကလေးတို့သည် စည်းပျက်ကမ်းပျက်ဖြစ်တတ်သည်ဟု ဆိုစမှတ်ရှိလေသည်။ ဤသို့ ဆိုစမှတ်ရှိသည့် အတိုင်းလည်း ဟုတ်မှန်လှပေသည်။ မောင်မြသိန်းသည် မခင်မေအပေါ်၌ ဆိုးချင်သလို ဆိုးလျက်နေလေသည်။ နေပူထဲထွက်ကာ ပြေးလွှားကစားနေကြသော ကြောင့် မခင်မေက ခေါ်ပေမယ့် လာချင်မှလာ၏။ မခင်မေက အရိပ်ထဲသို့ ယူသွင်းရန် သွားချီပေမင့် လိုက်ချင်မှလိုက်သည်။ ထွက်ပြေးလို ထွက်ပြေး၊ အော်ပြီး ငိုလို့ငို။ အလွန်တေသော ကောင်ကလေးဖြစ်သည်။ ဤအခြင်းအရာကို မောင်လူအေးမြင်လျှင် မျက်စောင်းထိုးကာ ကြည့်မိ၏။ မကျေမနပ်ဖြစ်၏။ ဤအစ်မကြီးလက်တွင် ဤကလေး ပျက်တော့မည်တကားဟု တွေးမိ၏။ တစ်ခါတစ်ခါ ကောင်ကလေးကို ငေါက်လိုက်ချင်သောစိတ်ပေါက်လာ၏။ အစ်မကြီး စိတ်ဆိုးသွားမည် စိုးသောကြောင့်သာ အသာကြည့်နေလိုက်ရလေသည်။

ညနေ ရေချိုးချိန်ကျ၍ မခင်မေက ရေချိုးပေးရန်ခေါ်သော်လည်း မရ။ တိုင်ကို ပတ်ကာပြေး၏။ ဝရန်တာတွင် လျှောက်ကာပြေး၏။ အခန်းထဲတွင် ကွေ့ကာကောက်ကာ ပြေး၏။ နောက်ဆုံး သူ့ကို ဖမ်း၍ မိသွားသောအခါ ငိုလို့ငို၊ မခင်မေကို ထုလိုထု၊ ရိုက်လိုရိုက်။ ရေချိုးခန်းထဲသို့ ရောက်သွားသောအခါတွင်လည်း သူ၏ငိုချင်း မတိတ်။ တစ်အိမ်လုံး ဆူညံ၍နေလေတော့သည်။ တစ်ခါတစ်ခါ အရွဲ့တိုက်ကာ မခင်မေကိုပင် ရေနှင့်ပက်သောကြောင့် မခင်မေမှာ တစ်ကိုယ်လုံး ရွှဲရွှဲစိုဖြစ်သွားလေ့ရှိ၏။ ဤအခြင်းအရာကို မြင်လျှင် မောင်လူအေး၏ စိတ်ထဲတွင် "သည်ကလေးတော့ ပျက်တော့မှာပဲ၊ ပျက်တော့မှာပဲ" ဟု တွေးမိလေသည်။ အော်လိုက် ငေါက်လိုက်ချင်၏။ သို့သော် မခင်မေစိတ်ဆိုးမည် စိုးသောကြောင့် မိမိဆန္ဒကို မျိုသိပ်ကာထားလိုက်ရလေသည်။

ထမင်းစားချိန်ကျ၍ ထမင်းကျွေးသော်လည်း ကောင်းကောင်း မစား၊ ပြေးလွှားခုန်ပေါက်ကာ နေလေ့ရှိ၏။ ထမင်းတစ်လုတ်စားလိုက် ပြေးလွှားခုန်ပေါက်လိုက်နှင့် လုပ်နေတော့၏။ မခင်မေမျာမှာ ချော့ကာ၊ မော့ကာ ကျွေးနေရှာလေသည်။ တစ်ခါတစ်ခါလည်း တစ်လုတ် နှစ်လုတ် စားပြီးလျှင် မဝခင်ပင်တော်လိုက်၏။ မခင်မေက မည်သို့ပင် ချော့မော့ကာ ကျွေးရှာသော်လည်း မစားတော့ပြီ။

လူကြီးများ ထမင်းစားသောအခါ ကောင်ကလေးကို တစ်လုတ် ခွံ့လေသည်။ ကလေးကို ခွံ့နေရသည်နှင့်ပင် သူ ထမင်းကောင်းကောင်း မစားရတော့ပြီ။ မောင်လူအေး မကျေနပ်။ သည်တစ်ခါ အရဲစွန့်၍ ပြောတော့မည်ဟု ဆုံးဖြတ်ပြီးလျှင် မောင်လူအေး ဤသို့ဆို၏။

"မမကလည်း ကလေးကို သိပ်အလိုလိုက်တာပဲ။ အလိုလိုက်တာကတော့ ကောင်းပါရဲ့၊ ကောင်ကလေးက စည်းပျက်ကမ်းပျက်ဖြစ်နေပြီ။ ကလေးဆိုတာမျိုးဟာ သူ့အချိန် သူအိပ်၊ သူ့အချိန်နဲ့ သူစားမှ ကောင်းတယ်။ အခုတော့ ဖြစ်ချင်သလို ဖြစ်နေတော့တာပဲ"

ဤသို့ဆိုသော မောင်လူအေးသည် ကလေးဘက်သို့ စောင်းငဲ့၍ ကြည့်လိုက်၏။ ကောင်ကလေးက ကောင်းကောင်းနားလည်လေသည်။ မျက်နှာအတန်ပျက်သွား၏။

"သည်လိုပေါ့ကွယ်၊ ကလေးဆိုတာ တေတာမျိုးပေါ့။ နောင်ကြီးပြင်းလာတဲ့အခါကျတော့လည်း စည်းနဲ့ကမ်းနဲ့ ဖြစ်လာတာမျိုးပဲ။ အခုအရွယ်မှာ စည်းကမ်းမရှိပေမယ့် ကိစ္စမရှိပါဘူး"ဟု မခင်မေက ပြန်၍ပြော၏။

"ဟာ....ငယ်ငယ်ကတည်းက စည်းကမ်းမသေရင် ကြီးလာတဲ့အခါလည်း စည်းကမ်းသေဖို့ ခဲယဉ်းတယ်"

ဤသို့ ပြောဆိုရင်းပင် ထမင်းစား၍ပြီးကြသဖြင့် အားလုံးပင် ဧည့်ခန်းထဲသို့ ဝင်သွားကြလေသည်။ မောင်မြသိန်းကား ကျေနပ်ပုံမရ။ မခင်မေအနားမှာ မခွာတော့ပြီ။ မောင်လူအေးအား အတော်ချဉ်သွားပုံရလေသည်။ မောင်လူအေးသည် အမှုမဲ့အမှတ်မဲ့နေလိုက်၏။

နောက်တစ်နေ့ ထမင်းစားပွဲတွင် လူကြီးများထိုင်ကြသောအခါ မောင်မြသိန်းပေါက်လာပြန်၏။ သို့သော် ယခင်ကဲ့သို့ ဟိုဟာစားမယ်၊ သည်ဟာစားမယ် မဆိုတော့ပြီ၊ မခင်မေနားတွင် အသာကပ်ကာထိုင်နေပြီးလျှင် "ဟောဟိုဟာ ဘာလဲ မမကြီး၊ ဟောသည်ဟာ ဘာလဲ မမကြီး" ဟု ဟင်းများကို လက်ညှိုးထိုးကာ ပြလျက်နေပြီ။ မခင်မေကား ကျွေးချင်လှပြီ၊ မောင်လူအေး ကဲ့ရဲ့မည်စိုးသောကြောင့်သာ မတုန်မလှုပ်နေလိုက်လေသည်။ မောင်လူအေးအလစ်တွင် ဟင်းများ၊ အကြော်များကို ကောင်ကလေး ပါးစပ်ထဲသို့ ထည့်လိုက်လေ့ရှိ၏။ မောင်လူအေးကား အကြောင်းကို ရိပ်မိသဖြင့် ထမင်းကို မြန်မြန်စားပြီးလျှင် မခင်မေနှင့် ခင်သန်းမြင့်တို့ကိုမစောင့်ဘဲ ဧည့်ခန်းထဲသို့ ထွက်သွားလေ၏။ ဤအခါကျမှ မောင်မြသိန်းနှင့် မခင်မေတို့ ထင်သလိုကျဲနေကြလေတော့သတည်း။ ထိုအခါက မောင်လူအေးတွင် သားသမီးတစ်ယောက်မျှ မရှိသေး။ ယခုတွင်မူကား မောင်လူအေး၏ သားဦးကလေးမောင်လူမွေးမှာ အသက်တစ်နှစ်နှင့် ခြောက်လရှိလေပြီ။ ပြေးတတ်၊ လွှားတတ်၊ အော်တတ်၊ ဟစ်တတ်၊ ခုန်တတ်၊ ပေါက်တတ်၊ ချစ်စရာကောင်းတုန်း အရွယ်ဖြစ်၏။ စကားကိုကား မပြောတတ်သေးပေ။

> **❝ အဘိုးအဘွားလက်တွင် ကြီးသောကလေး၊ ကြီးတော်၊ အဒေါ် လက်တွင်ကြီးသော ကလေးတို့သည် စည်းပျက်ကမ်းပျက် ဖြစ်တတ်သည်ဟု ဆိုစမှတ်ရှိလေသည်။ ဤသို့ ဆိုစမှတ်ရှိသည့် အတိုင်းလည်း ဟုတ်မှန်လှပေသည်။ မောင်မြသိန်းသည် မခင်မေအပေါ်၌ ဆိုးချင်သလို ဆိုးလျက်နေလေသည်။ ဤအခြင်းအရာကို မောင်လူအေးမြင်လျှင် မျက်စောင်းထိုးကာ ကြည့်မိ၏။ မကျေမနပ်ဖြစ်၏။ ဤအစ်မကြီးလက်တွင် ဤကလေး ပျက်တော့မည်တကားဟု တွေးမိ၏ ❞**

နံနက်မိုးလင်း ကော်ဖီသောက်ပြီးလျှင် အိမ်ရှေ့ စာရေးစားပွဲတွင် မိမိ၏ရုံးအလုပ်များကို လုပ်အံ့ဟု မောင်လူအေး ထိုင်နေသည်ကိုမြင်လျှင် မောင်လူမွေးရောက်လာပြီးလျှင် အိမ်အောက်ပန်းခြံထဲသို့ဆင်းရန် အတင်းပူဆာတော့၏၊ လှေကားဘက်သို့ လက်ညှိုးထိုးကာထိုးကာ "အင်း... အင်း" ဟု ဆိုလျက် မောင်လူအေးအား ဆွဲခေါ်တော့၏။ သူဤသို့ ဆွဲခေါ်ပါလျက်မလိုက်နေခဲ့သော်ခြေကိုဆောင့်ကာ အော်ဟစ်၍ငိုလေတော့၏။ မောင်လူအေး မနေနိုင်တော့ပြီ။ ရုံးအလုပ်များကို အသာခေါက်ထားခဲ့ပြီးလျှင် သားကလေးကိုချီကာ ပန်းခြံထဲသို့ ဆင်းရလေတော့၏။

ပန်းခြံထဲသို့ရောက်သော် လက်ပေါ်တွင် ငြိမ်ငြိမ်မနေ၊ လက်ပေါ်မှ အတင်းလျှောဆင်းပြီးလျှင် ပြေးလွှားခုန်ပေါက်၍ ကစား၏။ သဲများကို ကျုံး၍ ပက်ကစား၏။ ကျောက်စရစ်ခဲလေးများကို ကောက်ကာ ပေါက်၍ကစား၏။ ပန်းပင်ကြိုပန်းပင်ကြားထဲ ပြေးလွှားဝင်ကစား၏။ ကဏန်းတွင်း၊ ခရုတွင်းလေးများကို နှိုက်၍ကြည့်၏။ တမာပင်များမှ ကြွေကျနေသော တမာသီး၊ ညောင်ပင်မှ ကြွေကျနေသော ညောင်သီးများကို ကောက်၍စား၏။ မောင်လူအေးမှာ သားကလေးနောက်က ကောက်ကောက်ပါအောင် လိုက်နေရလေတော့သည်။

မပြောရက်၊ မဆိုရက်၊ မအော်ရက်၊ မငေါက်ရက်၊ ရိုက်ရန်ကား ဝေးလှလေသည်။ ပန်းခြံထဲတွင် ပြေးလွှား၍ အတန်မောမှ အိမ်ပေါ်သို့ ပြန်၍ တက်လေသည်။ မောင်လူအေးမအား၍ အထိန်းနှင့်ဆင်းလည်း ဆို၍မရ။

အိမ်ပေါ်သို့ ရောက်ပြန်ပါလည်း စားစရာများထည့်ထားသော ဗီရိုကိုသာလျှင် လက်ညှိုးထိုး၍ "အင်း....အင်း...အဲ...အဲ..." ဆိုကာ အဖွင့် ခိုင်းတော့၏၊ သားငယ်အလိုကို မငြင်းပယ်ရက်။ မငြင်းပယ်နိုင်သောကြောင့် ဗီရိုကိုဖွင့်ပြီးလျှင် ထန်းလျက်၊ ဆီးသီး၊ ချောကလက်၊ သကြားလုံး ကြိုက်ရာကိုယူ၍ပေး၏။ မောင်လူမွေးကပေမင့် လူကြီးက ကြိုက်ရာကိုမယူ၊ မိမိကြိုက်ရာကိုရမှ ကျေနပ်လေသည်။ သို့မဟုတ်လျှင် ငိုလေ၏။ သူနှင့်မတည့်သောအစာကို ယူပေးမိပြန်လျှင် ခင်သန်းမြင့်က ဆူသောကြောင့် တစ်ခက်။

မောင်လူအေးတို့ အောက်ထပ်သို့ ထမင်းစားဆင်းသောအခါများတွင်လည်း မကြာမကြာငိုလိုက်၏။ ခင်သန်းမြင့်တို့က ကလေးထိန်းလက်တွင် ထားခဲ့သော်လည်း မောင်လူအေးကမူကား အောက်ထပ်သို့ ခေါ်ဆင်းခဲ့လေ့ရှိလေသည်။ ထမင်းစားပွဲနားတွင် ကုလားထိုင်တစ်လုံးနှင့် နေရာချထား၏။ ကောင်ကလေးက မိမိထိုင်နေရာမှနေ၍ မြင်ရာ ဟင်းများကို လက်ညှိုးထိုးကာ "အင်း...အင်း...အင်း.."နှင့် တောင်း၏။ တောင်း၍ မပေးလျှင် ငိုလေတော့သည်။ မောင်လူအေး သည်းမခံနိုင်။ အာလူးကြော်၊ ပဲသီး စသည်တို့ကို ကျွေးလေ၏။ သားလေးနှင့်သင့်သော အစာကို ကျွေးမိလျှင်တော်၏။ မသင့်သောအစာကို ကျွေးမိသည်ဖြစ်အံ့။ မောင်လူအေးအား ဝိုင်း၍ဆူကြလေသည်။

"ကလေးကို မသင့်တဲ့ အစာတွေကိုကျွေး၊ တော်တော်ကြာတစ်ခုခု ဖြစ်ရင်ပူရဦးမယ်၊ တယ်ခက်တာကိုး" ဟု ခင်သန်းမြင့်က ဆို၏။

"ဟာ....ဖြစ်တော့ ဆေးကျွေးတာပေါ့။ သူ စားချင်တာ စားပါစေဗျာ" ဟုမောင်လူအေးက ဖြေ၏။

ညနေခင်း ဦးမိုးနက်တို့ ကိုချစ်တင်တို့ အလည်အပတ် ရောက်လာ၍ သံပရာရည်၊ လိမ္မော်ရည်များကို တိုက်သောအခါ မောင်လူမွေးကလေး ပေါက်လာပြန်ပြီ။ ဧည့်သည်များထံမှ အခွန်ကောက်ကာ ဖျော်ရည်များကို သောက်၏။ ဧည့်သည်များပင် ကောင်းကောင်းမသောက်ရ၊ သူသောက်သည်နှင့်ပင်ကုန်လေတော့၏။ မောင်လူအေးလည်း တားဆီးခြင်းကို မပြု၊ ကြည့်၍သာ နေလေသည်။ ဤအခြင်းအရာကို မြင်လျှင် ခင်သန်းမြင့် မကျေနပ်။

"သည်ကလေး သူ့အဖေ ဖျက်တာနဲ့ စည်းပျက်ကမ်းပျက် ဖြစ်နေပြီ" ဟု ညည်း၏။

"ကလေးဆိုတာ ဘာသိတာမှတ်လို့၊ ကြီးလာတော့ စည်းသေကမ်းသေ ဖြစ်လာမှာပေါ့။ အခုကတည်းက စည်းတွေကမ်းတွေကို ပေးနေစရာ မလိုပါဘူးဗျာ" ဟု မောင်လူအေးက သားကလေးဘက်က ထောက်ခံပြောဆိုလေသည်။

"ငယ်ငယ်ကတည်းက စည်းမသေလာတဲ့ကလေးဟာ ကြီးပြင်းလာရင်လည်း ဘယ်တော့မှ စည်းသေမှာမဟုတ်ဘူးမှတ်ပါ"

"ငယ်ငယ်က စည်းသေလာပေမယ့် ကြီးလာရင် မေ့ကုန်တာပဲ"

"အခုမှ သည်စကားမျိုးကို ပြောတယ်။ အရင် မခင်မေနဲ့ မောင်မြသန်းတို့ အလည်လာတုန်းကတော့ ကလေးဟာ စည်းကမ်းသေမှလေး ဘာလေးနဲ့ ပြောတယ်မဟုတ်ဘူးလား...အခု မေ့ကုန်ပြီပေါ့လေ"

"ဘယ်မေ့မတုံး။ ဟိုအခါတုန်းကတော့ ကိုယ့်မှာမှ သားသမီး မရှိသေးဘဲ၊ သားသမီးအကြောင်း မသိသေးဘူး။ သည်တော့ သူတကာ သားသမီးကို ကဲ့ရဲ့တတ်တာပေါ့...."

"အင်း....ကောင်းတယ်၊ အခုမှ ကောင်းကောင်း ဝင့်လည်တော့တာပဲ။ သည်သားအဖဖြစ်ပျက်နေပုံကို လာကြည့်ကြပါဦးလို့ မခင်မေဆီကို ကနေ့ စာရေးလိုက်မယ်၊ မှတ်ကရော့"

"သဘောပါပဲ" ဆိုကာ မောင်လူမွေးကို ပွေ့ချီပြီး နမ်းရှုပ်လိုက်လေသတည်း။

**ဥပဒေသ။** ။ သားသမီးမရှိသေးသောသူသည် သူတကာ၏သားသမီးတို့အား ကဲ့ရဲ့ရှုတ်ချခြင်းကို မပြုရာ၊ ဝင့်လည်တတ်သည်။

၁၉၃၉ ခုနှစ်၊ ဇန်နဝါရီ၊ ဂန္ဓလောက။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ (၂၆)ကြိမ်မြောက်နှင့် (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၅- ၃ - ၂၀၂၆)ရက် (ကြာသပတေးနေ့)နံနက်ပိုင်း

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - (၆-၃-၂၀၂၆)ရက် (သောကြာနေ့)နံနက်ပိုင်း

၂။ (၂၆)ကြိမ်မြောက်နှင့် (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၂၅) သင်တန်း(ပုံမှန်)စာမေးပွဲ အောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၅/၂၀၂၅) သင်တန်း(ပုံမှန်)စာမေးပွဲ အောင်မြင်ပြီးသူများ

(ဂ) ဆေးဝါးမဟာသိပ္ပံဘွဲ့(၁/၂၀၂၄) သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ

(ဃ) ဆေးဝါးသိပ္ပံပါရဂူဘွဲ့(၁/၂၀၂၃) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**တက်ရောက်ဘွဲ့ - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)**

**အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)**

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်-ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ] ဖြင့် လတ်တလော ရိုက်ကူးထားသော (၁½" x ၂")အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ ပူးတွဲလျက် (၁၈-၂-၂၀၂၆) မှ (၂၇-၂-၂၀၂၆) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးဝါးတက္ကသိုလ်-ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၇၈၇၄၂၇၅၆၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူး**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ် (၂၇၃) ဟုခေါ်တွင်သော အလျား (၂၀) ပေ x အနံ (၆၀)ပေရှိ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် သီးပင်စားပင်၊ အိမ်ခြံမြေပေါ် အိမ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသူ ဦးကျော်မိုး [၉/ကပတ(နိုင်)၀၂၆၇၄၃]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဝင်း [၁၂/ဥကမ(နိုင်)၀၆၂၃၅၄]က ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဘရန်နန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၅၂)**
**အမှတ်(၃၃/A)၊ ပထမထပ်၊ ခေမာသီရိရပ်ကွက်၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၈၁၅၆၂၄၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၉)၊ နွယ်သာဂီအိမ်ရာအပိုင်း(ဘီ)၊ တိုက်အမှတ်(၉)၊ အခန်း(၉၁၃)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၁၂.၆x၄၃)ပေခန့်ရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်စိုး[၁၄/အဂပ(နိုင်)၁၃၄၁၅၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေ အချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO switzerland** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း- ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက် အမှတ် (၂၄၃)၊ နေရပ်လိပ်စာ - အမှတ် (၁)၊ ဦးအောင်ဘွင့်လမ်း၊ ပထမထပ် (ခေါင်းရင်း)၊ အကျယ်အဝန်း (၁၂½'x၄၇') ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၃-၂-၂၀၂၆) ရက်နေ့၌ "တိုက်ခန်းအရောင်း အဝယ်စရန်ငွေပေးကတိစာချုပ်" ဖြင့် ဥပဒေအရ လွှဲပြောင်းလက်ရောက်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဝင်းကြည် (မြေရှင်)၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်သိဂီစန်း (သမီး) [၁၂/မရက(နိုင်)၁၂၄၅၄၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ထက်နန္ဒာအောင် [၁၂/လမန (နိုင်) ၁၆၁၄၁၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိသန္တာမြင့် (LL.B)** | **ဒေါ်ကေသီဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **(LL.B, D.B.L, D.M.L,Dip.Eng)** |
| **(စဉ်-၁၈၃၆၂/၂၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၃/၁၁)** |

**တိုက်အမှတ်(၄၄)၊ ပထမထပ်၊ မာလာမြိုင် (၈) လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၈၈၉၃၄၇၂၀၊ ၀၉-၄၄၃၀၆၃၄၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၂F၊ မြေကွက်အမှတ်-V ၁၂၀၊ အကျယ်အဝန်း (၃၀ x၅၀)ပေ၊ (၁၅၀၀) စတုရန်းပေ၊ မြေဧရိယာ (၀.၀၃၄)ဧကရှိ နှစ် (၉၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ် (၁၀) ဟုခေါ်တွင်သော မြေကွက်၏ မြေအကျိုးခံစားခွင့်၊ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၇) ထပ်တိုက်၏ (၃) လွှာ+ (၄)လွှာ၊ ( တိုက်ကိုမျက်နှာမူလျှင်-ညာဘက် )၊ အကျယ်အဝန်း ( ၁၅ ပေ x ၅၀ ပေ )စီရှိ တိုက်ခန်း (၂) ခန်း၊ လှေကားခွင်တို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျော်မင်းဦး (ခ) ဒိုဆေး [၁၂/မဂတ(နိုင်)၀၇၄၄၃၈] နှင့် ဒေါ်နော်ခူဖော [၃/ဘအန (နိုင်)၁၄၇၉၈၉] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေအကျိုးခံစားခွင့်၊ တိုက်ခန်း (၂) ခန်းနှင့် လှေကားခွင် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေအကျိုးခံစားခွင့်၊ တိုက်ခန်း (၂) ခန်းနှင့် လှေကားခွင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ ဗလမင်းထင် (၁)လမ်း၊ မြေကွက်အမှတ်(၁၅၄၇)၊ မြေအကျယ်အဝန်း(၄၀'x၆၀')ရှိ ဦးဆန်းဌေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ထိုမြေကွက်ကြီး၏ (ခေါင်းရင်းခြမ်း)၊ မြေအကျယ်အဝန်း(၂၀'x၆၀')ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၁)လုံးနှင့် လျှပ်စစ်မီတာ၊ ရေ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဝေဖြိုးပြည့်[၁၂/သဃက(နိုင်)၁၆၈၅၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းတင်[၁၁/ဘသတ(နိုင်)၀၂၄၂၇၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းတင်** | **ဒေါ်ခင်ရွှေဦး(LL.B)** |
| **[၁၁/ဘသတ(နိုင်)၀၂၄၂၇၁]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)** |

**အမှတ်(၉/၁၁)၊ ဒုတိယထပ်၊ အခန်း(၂၀၂-E)၊**
**(၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း - ၀၉-၄၂၁၀၂၂၃၂၅၊ ၀၉-၇၉၈၁၆၅၁၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက် အမှတ်-ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ မြေတိုင်း ရပ်ကွက်အမှတ်-၁၇၄၊ မြေကွက်အမှတ်(၁၅၂၆)ဟုခေါ်တွင်သော မြေကွက် ဧရိယာ(၀.၀၅၅) ဧကရှိ ဦးသက်လွင်(ခ)အန်ကူး [၁၂/ကတတ(နိုင်)၀၂၂၄၃၈] အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်တစ်ကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ တစ်ဆင့်ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံသူ ဒေါ်သဲဖြူဝင်း [၁၂/စခန(နိုင်)၀၀၂၅၁၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မွန်ကျော် [၁၂/မရက(နိုင်)၁၁၆၆၃၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉- ၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## "ဦးခွန်စောမင်းခေါင်၊ ဒေါ်စောသန္တာထွန်းနှင့်ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ် (အောင်လံ)၊ ဦးမြဇော်(တရားလွှတ်တော်ရှေ့နေများ)တို့၏ (၆-၂-၂၀၂၆) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)တွင် ထည့်သွင်းဖော်ပြထားသော ရှင်းလင်းချက်များနှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

(၆-၂-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော အကြောင်းအရာများနှင့် ပတ်သက်၍ ပြန်လည် ရှင်းလင်းသိစေလိုသည်မှာ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော မစဝ်မြတ်စိုးစံ [၁၃/လရန(နိုင်)၂၀၉၀၈၁]နှင့် မောင်စဝ်ဘုန်းမင်းထက်[၁၃/လရန(နိုင်)၂၁၃၆၅၁] ကိုင်ဆောင်သူတို့မှာ(၂၇- ၁၂- ၂၀၂၅) ရက်စွဲ ကြေညာစာပါ လိပ်စာတွင် အမှန်တကယ်နေထိုင်ကြသူများဖြစ်ကြသည်ကို ကျွန်ုပ်မိတ်ဆွေများ၏ ညွှန်ကြားချက်အရနှင့် တရားဝင်စာရွက်စာတမ်းများအရ အမှန်အတိုင်းသိရှိပြီးဖြစ်၍ အတိအလင်း ကြေညာခြင်း ဖြစ်ပါသည်။

အထက်ပါ (၆- ၂- ၂၀၂၆)ရက်စွဲပါ ကြေညာချက်များအား ရှင်းလင်းလိုသည်မှာ -

အမှတ်စဉ်-၃ နှင့် ၄ မှာ အမွေဆိုင်များ သိရှိပြီးဖြစ်ပါသည်။

အမှတ်စဉ်-၅ မှာ (၂၇- ၁၂- ၂၀၂၅) ရက်စွဲပါသတင်းစာတွင် ထည့်သွင်းကြေညာခဲ့သောအကြောင်းအရာနှင့် သက်ဆိုင်ခြင်းမရှိ၍ရှင်းလင်းရန် မလိုအပ်ပါ။

အမှတ်စဉ်-၆ မှာ ယခုအမွေပစ္စည်းများနှင့် ပတ်သက်၍ တောင်းဆိုသူများမှာ အမွေရှင်များ၏ကွယ်လွန်သူသားအကြီးဆုံး ဦးခွန်ဘုန်းမြတ်စိုးမှမွေးဖွားသည့် တရားဝင်အမွေမမီမြေး(၂)ဦးဖြစ်သည့် မစဝ်မြတ်စိုးစံနှင့် မောင်စဝ်ဘုန်းမင်းထက်တို့ကသာ တောင်းဆိုကြခြင်းဖြစ်ပါသည်။

အမှတ်စဉ်-၇ နှင့် ၈ မှာ ကွယ်လွန်သူအမွေရှင်များမှ ၎င်းတို့၏ မြေးများဖြစ်ကြသော ကျွန်ုပ်မိတ်ဆွေတို့အား ကြည့်ရှုစောင့်ရှောက်သည့်အနေဖြင့် ပေးအပ်ခဲ့သောမြေကွက်များအား မိခင်ဖြစ်သူမှ ခေတ္တတာဝန်ယူကာ သားသမီးများအား ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နည်းတူ ဦးခွန်စောမင်းခေါင်ကိုလည်း ဟိုပန်မြို့၊ မိန်းပန်းဝ ကျွန်းတောရပ်ကွက်ရှိ သီးခြားမြေကွက်အားပေးအပ်ခဲ့ရာ အဆိုပါအကြောင်းခြင်းရာများအား လူကြီးမင်းတို့၏ ရှင်းလင်းကြေညာခြင်းတွင် ထိမ်ချန်ကာကြေညာခဲ့ခြင်းဖြစ်ပါသည်။ အမွေရှင်များရှိစဉ်က ပေးသောပစ္စည်းများအား အသီးသီးရရှိခဲ့ကြရာ အမွေရှင်ရှိစဉ်ပေးသောပစ္စည်းများသည် အမွေပစ္စည်းများမဟုတ်ဘဲ ပေးကမ်းသည့် ပစ္စည်းများသာဖြစ်ပြီး အမွေရှင်များကွယ်လွန်ပြီးနောက် ကျန်ရစ်သောပစ္စည်းများသာ အမွေပစ္စည်းများဖြစ်ပါ၍ အမွေရှင်များကွယ်လွန်ပြီးနောက် မည်သည့်ကျန်ရစ်ပစ္စည်းကိုမှ အချိုးကျခွဲဝေခြင်း မရှိသေးပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

အမှတ်စဉ်-၉ နှင့် ပတ်သက်၍ ရွှေ့ပြောင်းနိုင်သောပစ္စည်းခွဲဝေမှုတွင် ဦးခွန်စောမင်းခေါင်နှင့် ဒေါ်စောသန္တာထွန်းတို့က တရားဝင်အမွေအချိုးအား ဖော်ပြနိုင်သော စာရွက်စာတမ်းများမရှိဘဲ ၎င်းတို့သဘောဖြင့် အမွေအချိုးအား သတ်မှတ်ကာ တူ၊ တူမတို့အား ခေါ်ယူလက်မှတ်ထိုးခိုင်းခဲ့ခြင်းသာဖြစ်ပြီး မိသားစုများအကြား တရားဝင် အမွေခွဲဝေခြင်းနှင့် ပတ်သက်သောမည်သည့် စာချုပ်စာတမ်းများ၊ မိသားစုစီမံမှုစာချုပ်များ၊ တရားရုံး အဆုံးအဖြတ်များဖြင့် ဖော်ပြရှင်းလင်းနိုင်ခြင်းမရှိသည့်အပြင် အမွေရှင်တို့၏ကျန်ရှိသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား မိသားစုများအကြား အလုံးစုံ တရားဝင်အမွေခွဲဝေခြင်း မပြုရသေးကြောင်းမြင်သာသောကြောင့် ယခုကဲ့သို့ ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

အမှတ်စဉ်- ၁၀ အရ (၂၇-၁၂-၂၀၂၅) ရက်စွဲပါ သတင်းစာနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေတို့၏ သဘောရိုးဖြင့် ကြေညာချက်မှာ အမွေပစ္စည်းများအား အလွှဲအပြောင်းမလုပ်နိုင်ရန် ကြေညာခြင်းသာဖြစ်ပြီး အမွေပစ္စည်းများနှင့် ပတ်သက်၍ အပြည့်အဝရရှိခြင်း၊ တရားသဖြင့်ခွဲဝေပေးခြင်း မရှိသောကြောင့် တရားဝင်အမွေခွဲဝေပေးပါရန် အမွေဆိုင်များဖြစ်သော ဦးလေးနှင့် အဒေါ်ဖြစ်သူထံ ထုံးနည်းတကျ အကြောင်းကြားစာအား ပေးပို့ခဲ့ပြီးဖြစ်ပါသောကြောင့် တမင်ထိမ်ချန်ခဲ့ခြင်းမျိုး မဟုတ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

အမှတ်စဉ်- ၁၁ အား ရှင်းလင်းလိုသည်မှာ ကျွန်ုပ်မိတ်ဆွေတို့မှ အမွေပစ္စည်းများနှင့် ပတ်သက်၍ အပြည့်အဝ ခံစားပြီးသည်ဖြစ်၍ နောက်ထပ် အမွေထပ်မံခံစားခွင့်မရှိတော့ပါဟု (၆-၂-၂၀၂၆) ရက်စွဲဖြင့် ကြေညာခဲ့သူ ဦးခွန်စောမင်းခေါင်၊ ဒေါ်စောသန္တာထွန်းနှင့် ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ်(အောင်လံ)၊ ဦးမြဇော် (တရားလွှတ်တော်ရှေ့နေများ)တို့က အတိအကျဖော်ပြစွဲဆိုနေသော်လည်း ၎င်းတို့အနေဖြင့် အမွေဆိုင်များ အားလုံး အမွေခွဲဝေပြီးစီးကြောင်း တရားဝင်ချုပ်ဆိုထားသော ခိုင်မာသောစာချုပ်စာတမ်းများ၊ စီရင်ချက်နှင့် ဒီကရီများအား ဖော်ပြရှင်းလင်းနိုင်ခြင်း မျိုးမရှိဘဲ ဖော်ပြစွဲဆိုနေပါသောကြောင့် ယခုကဲ့သို့ ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

အမှတ်စဉ်- ၁၂ အရ ရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် ရွှေချောင်း(၂၉)ချောင်းနှင့် ပတ်သက်၍ ခွဲဝေပေးမှုတွင် အမွေအချိုးနှင့်ပတ်သက်၍ ဦးခွန်စောမင်းခေါင်နှင့် ဒေါ်စောသန္တာထွန်းတို့မှ ၎င်းတို့သဘောဖြင့် သတ်မှတ်၍ လက်မှတ်ရေးထိုးစေခဲ့မှုအပေါ် ကျွန်ုပ်မိတ်ဆွေတို့မှထိုးပေးခဲ့ရပြီး အဆိုပါစာချုပ်တွင် ကျွန်ုပ်မိတ်ဆွေတို့ လက်မှတ်ရေးထိုးစဉ်က အမွေဆိုင်အားလုံးအစုံအလင်မရှိဘဲ ဦးခွန်စောမင်းခေါင်မှာ မန္တလေးသွားနေသည်ဟုသိရှိရပြီး ကျွန်ုပ်မိတ်ဆွေတို့မှ ဒေါ်စောသန္တာထွန်းထံတွင် ဦးလေးနှင့် အဒေါ်တို့၏ ဆန္ဒအတိုင်း မလွန်ဆန်နိုင်ဘဲ လက်မှတ်ထိုးပေးခဲ့ရခြင်းဖြစ်ပါသောကြောင့် ကျွန်ုပ်မိတ်ဆွေတို့ရရန်ရှိသော ပမာဏအား ထပ်မံတောင်းဆိုရခြင်းဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။ ထို့ပြင် အဆိုပါစာချုပ်ကိုလည်း ဦးခွန်စောမင်းခေါင် လက်မှတ်ရေးထိုးခြင်းမပြုရသေး၍ ၎င်းလက်မှတ်ရေးထိုးပြီးမှ မိတ္တူပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ယနေ့အချိန်ထိ အဆိုပါစာချုပ်မိတ္တူအား ပေးအပ်ခြင်း မရှိသေးသည်ကို လူကြီးမင်းတို့မှ ထိမ်ချန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

အမှတ်စဉ်-၁၃ အား ရှင်းလင်းလိုသည်မှာ ကျွန်ုပ်မိတ်ဆွေတို့သည် အဘိုးအဘွားတို့၏အမွေများနှင့် ပတ်သက်၍ အပြည့်အဝခံစားခဲ့ရခြင်း မရရှိသေးပါသဖြင့် ထပ်မံခွဲဝေပေးရန်နှင့် ညှိနှိုင်းနေစဉ်အတွင်း အမွေပစ္စည်းများအား အလွှဲအပြောင်းမပြုလုပ်ရန် အမွေဆိုင်များအနေဖြင့် သတင်းစာတွင်သဘောရိုးဖြင့် ကြေညာခဲ့ခြင်းသာ ဖြစ်သော်လည်း (၆-၂-၂၀၂၆) ရက်စွဲဖြင့် ကြေညာခဲ့သူ ဦးခွန်စောမင်းခေါင်၊ ဒေါ်စောသန္တာထွန်းနှင့် ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ်(အောင်လံ)၊ ဦးမြဇော်(တရားလွှတ်တော်ရှေ့နေများ)တို့၏ ပြန်လည်ရှင်းလင်းသောသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေတို့နှင့် ညွှန်ကြားချက်အရကြေညာသူ ကျွန်ုပ်တို့အား အမွေရှင်ဘိုးဘွားမိဘများ၏ဂုဏ်သိက္ခာများနှင့် ပတ်သက်၍လည်းကောင်း၊ မည်သည့်တရားရုံး၊ အမိန့်၊ ဒီကရီ၊ ဆုံးဖြတ်ချက်များမရှိဘဲ အများသိစေရန်ကြေညာခြင်းနှင့် ပတ်သက်၍ တာဝန်ယူရန်နှင့် ရုပ်သိမ်းပေးရန် ထည့်သွင်းကြေညာခဲ့ရာ ကျွန်ုပ်တို့အနေဖြင့် မည်သူ့ကိုမျှ ထိခိုက်မှုမရှိစေဘဲ သဘောရိုးဖြင့်သာ ကျွန်ုပ်မိတ်ဆွေတို့၏ ညွှန်ကြားချက်အရ ကြေညာခြင်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေတို့မှလည်း အမွေပစ္စည်းများအား တရားဝင်အမွေခွဲဝေပေးခဲ့ခြင်း မရှိသေးကြောင်း ကြေညာလျက် အမွေခွဲဝေပြီးကြောင်း ရှင်းလင်းကြေညာသူတို့အနေဖြင့် အမွေခွဲဝေပေးပြီးကြောင်းနှင့် ပတ်သက်၍ တရားဝင် ခိုင်မာသည့် စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးတော်၏အမိန့်နှင့်ဒီကရီများ ပြသနိုင်ပါက အဆိုပါ(၂၇-၁၂-၂၀၂၆)ရက်စွဲပါ သတင်းစာအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်းနှင့် မပြသနိုင်ပါက ယခုကျွန်ုပ်မိတ်ဆွေတို့၏ ညွှန်ကြားချက်အရ ယနေ့ပြန်လည်ရှင်းလင်း ကြေညာသော သတင်းစာနှင့် ပတ်သက်၍ ဦးခွန်စောမင်းခေါင်၊ ဒေါ်စောသန္တာထွန်းနှင့် ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ် (အောင်လံ)၊ ဦးမြဇော်(တရားလွှတ်တော်ရှေ့နေများ)တို့၏ ထပ်မံကြေညာသောသတင်းစာများအပေါ် ထပ်မံရှင်းလင်းကြေညာတော့မည်မဟုတ်ပါကြောင်းနှင့် အမွေကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ဖွယ်ရှိသည်များကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ပြန်လည်ရှင်းလင်းကြေညာသူ ဦးခွန်စောမင်းခေါင်၊ ဒေါ်စောသန္တာထွန်းနှင့် လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာခဲ့သည့် ဦးကျော်မြင့်၊ ဒေါ်တင်ချိုလတ်(အောင်လံ)၊ ဦးမြဇော်(တရားလွှတ်တော်ရှေ့နေများ) တို့၏ ဆောင်ရွက်ချက်များပေါ်မူတည်၍ ဥပဒေနှင့်အညီ လိုအပ်သော ဆောင်ရွက်ရန်ရှိသည်များကို ပြန်လည် ဆောင်ရွက်သွားရန်အတွက် ကျွန်ုပ်မိတ်ဆွေတို့၏ ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**မစဝ်မြတ်စိုးစံနှင့် မောင်စဝ်ဘုန်းမင်းထက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချစ်ပြည့်ပြည့်ဖြိုး** | **ဦးကျော်ကျော်လင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၄၂၃)** | **အထက်တန်းရှေ့နေ(စဉ်- ၅၆၈၄၉)** |
| **LL.B, LL.M, D.B.L, WIPO (Switzerland)** | **LL.B, HR, Arbitration, WIPO (Switzerland)** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-421083565,09-401551723**

❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များ ရှိရန်လို. . .

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို. . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# မန်းရွှေစက်တော်ရာဘုရားကြီးတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း တည်းခိုဆောင်အခန်းများပြည့်သည်အထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့

မင်းဘူး ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားကြီးတွင် ယနေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူပေါင်း ၃၀၀၀၀ ခန့် လာရောက်ခဲ့ပြီး တည်းခိုဆောင်အခန်းများ ပြည့်သည်အထိ စည်ကားခဲ့ကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို နှစ်စဉ်ပုံမှန်ကျင်းပမြဲဖြစ်သော တပို့တွဲလဆန်း ၅ ရက်မှစပြီး မြန်မာနှစ်ဆန်း ၁ ရက်အထိ (၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ) ရက်ပေါင်း ၈၆ ရက်ကြာ ကျင်းပလျက်ရှိကြောင်း၊ ပွဲတော်ကာလ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်ရှည်များအပါအဝင် ယခုလ ၁၆ ရက်အထိ ဘုရားဖူးပြည်သူ ၃၀၀၀၀ ခန့် လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားဖူးပြည်သူများအား တည်းခိုဆောင်များတွင် စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားကားများအပြင် ကိုယ်ပိုင်ကားများဖြင့်လည်း လာရောက်ခဲ့ကြောင်း၊ နေ့စဉ် ယာဉ်ဝင်/ထွက်မှုအနေဖြင့် ကားအစီးရေပေါင်း ၅၀ နှင့် ၁၀၀ ကြားရှိပြီး ယခင်နှစ် ဘုရားပွဲတော်ကာလထက် ယခုနှစ်တွင် ထူးထူးခြားခြား ပို၍စည်ကားခဲ့ကြောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



# မယ်စဲ့မြို့နယ်ရှိ သံလွင်တံတား(ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယနေ့နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❂

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း) အား မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။

# ဂျီရိုနာအသင်းကို ရှုံးနိမ့်ပြီး ဘာစီလိုနာအသင်း အမှတ်ပေးဇယားထိပ် ဦးဆောင်ခွင့်နဲ့လွဲချော်

ဘာစီလိုနာအသင်းဟာ ဖေဖော်ဝါရီ ၁၆ ရက်ညပိုင်းက ဂျီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၂၄ မှာ ဂျီရိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဦးဆောင်ခွင့်နဲ့ လွဲခဲ့ရပါတယ်။

ဂျီရိုနာအသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ ဘာစီလိုနာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၅၉ မိနစ်မှာ ကူဘာစီရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။

ဒါပေမဲ့ အိမ်ရှင် ဂျီရိုနာအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်မှာ လီမာကတစ်ဂိုး၊ ၈၆ မိနစ်မှာ ဘယ်လ်ထရန်ကတစ်ဂိုး သွင်းယူပေးခဲ့လို့ ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳



ဂျီရိုနာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## ယနေ့ ဖတ်စရာ

ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိ
စာမျက်နှာ » ၉

လူငယ်များ၏ စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်
ဆောင်းပါး စာမျက်နှာ » ၁၁